# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၀၇)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အားကစားနှင့်တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသူရဲကောင်း မောင်၊ မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံ လွင့်ပျံနေစေရေး စွမ်းဆောင်သွားကြရမည်

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၉

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။


အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား (၃၁) ကြိမ်မြောက်

*စာမျက်နှာ ၃ ကော်လံ ၁* ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများ၌ အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

# မြန်မာ့အလင်း

## ပြိုင်ပွဲတိုင်းတွင် အောင်လံလွှင့်ထူ

ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်မည့် အားကစားသမား ၂၉၃ ဦးတို့က အားကစားနည်း ၂၀ ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ကြိုးပမ်းယှဉ်ပြိုင်သွားကြမည့် အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံကို အပ်နှင်းလိုက်ပြီဖြစ်သည်။ အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့် ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဆုတံဆိပ်ရရှိရန် အလားအလာရှိသည့် အားကစားနည်း ၂၀ ၌သာ ဝင်ရောက်ယှဉ်ပြိုင်သွားရန် ဦးတည်ပြင်ဆင် လေ့ကျင့်ခဲ့ကြခြင်းဖြစ်ရာ ရည်မှန်းချက်အတိုင်း အပြည့်အဝအောင်မြင်မှုရရှိနိုင်ရန် အားကုန်ထုတ်၍ အမြင့်မားဆုံးစိတ်ဓာတ်ဖြင့် ကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်သည်။

"မိမိတို့၏ အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီနှင့် အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်နိုင်မည်ဖြစ်ပါကြောင်း၊ အမိနိုင်ငံ၏ အလံတော်လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်သဖြင့် အားသွန်ခွန်စိုက်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့ရာ ပြိုင်ပွဲတွင် အားကစားသမားတစ်ဦးချင်းစီနှင့်တကွ အားကစားအသင်းအဖွဲ့များအားလုံး သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးနိုင်ကြရန် မျှော်လင့်မိသည်။

အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခြင်းသာ အဓိကဟုဆိုသော်လည်း ယှဉ်ပြိုင်မှုတွင် အောင်ပွဲဆင်နိုင်မှသာ ဂုဏ်သိက္ခာမြင့်မားခြင်းဖြစ်သည့်အလျောက် နိုင်ငံအလိုက် ယှဉ်ပြိုင်ရသည့်ပြိုင်ပွဲများတွင် အနိုင်ရရှိမှသာ နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်ဖြစ်သည်။ အားကစားနည်းများအလိုက် အမြင့်ဆုံးသော အောင်မြင်မှု ဆွတ်ခူးရယူနိုင်ရေးသည် အားကစားသမားများနှင့်တကွ မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ အားကစားသည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် အားကစားနည်းအလိုက် ကျွမ်းကျင်မှုတို့ ပေါင်းစပ်ပါဝင်ပြီး အားကစားယှဉ်ပြိုင်ရာတွင်မူ စိတ်ဓာတ်၊ စည်းကမ်း၊ ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား စသည့်နှလုံးရည်ပိုင်းကိုလည်း မြှင့်တင်ထားကြရမှာ ဖြစ်သည်။ ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများမှာ နိုင်ငံကို ကိုယ်စားပြုထားသူများဖြစ်ကြသည့်အတွက် နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာထည်ဝါရေးကို အချိန်တိုင်းတွင် နှလုံးသွင်းထားရန် လိုအပ်သည်။

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲခံပြီး အောင်လံလွှင့်ထူနိုင်မည့် အားကစားသမားများနှင့် အားကစားအဖွဲ့များကို နိုင်ငံတော်က ဂုဏ်ပြုသွားမည်ဖြစ်သကဲ့သို့ အားကစားသမားများ၏ အောင်မြင်မှုများမှာ မိမိတို့၏သမိုင်းကို ကိုယ်တိုင်ရေးထိုးခြင်းလည်းဖြစ်သည်။ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရာတွင် အမြင့်မားဆုံး အောင်ပွဲဆင်နိုင်ရေးအတွက် ရေကုန်ရေခန်း ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၀



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီ ခုနစ်ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဟာမင်္ဂလာ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်သည်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆပ်ကော်မတီ ခုနစ်ခုတို့မှ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြရာ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)တွင် ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ ပထမနှစ် သင်တန်းသား သင်တန်းသူများ အတည်ပြုရွေးချယ်

ရန်ကုန် မေ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သင်တန်းသားရွေးချယ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ-၁ ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးသည် ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်အစည်းအဝေးခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်း တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို အတည်ပြုရွေးချယ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသား လူငယ်များ၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို ရွေးချယ်ရာတွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်းမှ အခြေခံပညာ အထက်တန်း အောင်မြင်ပြီး သတ်မှတ်အမှတ်ပြည့်မီသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသော တိုင်းရင်းသား တိုင်းရင်းသူများကို လူတွေ့စိစစ် အတည်ပြု ရွေးချယ်လျက်ရှိသည်။

ယခုပညာသင်နှစ်တွင် ဒီဂရီကောလိပ်၊ ရန်ကုန်အတွက် သင်တန်းသားရွေးချယ်ရေး ဗဟိုကော်မတီက စိစစ်ရွေးချယ်ပေးသော မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်ပါးသော နယ်စပ်ဒေသများမှ သင်တန်းသား သင်တန်းသူ ၃၇၁ ဦး ကို မေ ၃၀ ရက်အထိ စိစစ်အတည်ပြုပြီးပါက ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ ၄ နှစ်၊ A.G.T.I ဒီပလိုမာ ၃ နှစ် သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ဘွဲ့၊ ဒီပလိုမာများ အပ်နှင်းပေးကာ ဝန်ကြီးဌာနများ၌ အကြီးတန်းစာရေးနှင့် အဆင့်တူရာထူးနေရာများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ပထမနှစ် သင်တန်းသား သင်တန်းသူများ ထားရှိသည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများ၊ အင်ဂျင်နီယာလက်တွေ့ အလုပ်ရုံများ၊ ဒီဂရီကောလိပ် ဆေးခန်း၊ ကျောင်းအားကစားကွင်း တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

သတင်းစဉ်

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ပြီးစီးစေရန် ကျေးရွာများသို့ ကွင်းဆင်း

သီပေါ မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှု သတ်မှတ်ကာလ၌ အချိန်မီ ရာနှုန်းပြည့် ပြီးစီးအောင်မြင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း ဦးဆောင်သော မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးအောင်နှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရပ်ကွက်နေပြည်သူများကို မြို့လယ်ဓမ္မာရုံ၌လည်းကောင်း၊ သာသနာ့ဝန်ထမ်း သံဃာတော်အရှင်သူမြတ်များ၊ သာသနာ့နွယ်ဝင်သီလရှင်များကို သက်ဆိုင်ရာကျောင်းတိုက်များ၌ လည်းကောင်း ဆေးထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရာတွင် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းနှင့် ၎င်းအထက် ဒေသခံပြည်သူများကို ကာကွယ်ဆေးထိုးနှံရန် ၁၀၉၅၁၇ ဦးအနက် ၉၄၂၇၆ ဦး ထိုးနှံပြီး၍ ထိုးနှံရန်ကျန်သူ ၁၄၄၇၁ ဦးကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✪ *ရှေ့ဖုံးမှ*

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များက မိတ်ဆက်ဂါရဝ ပြုကြသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရန် ၁၄ ရက်သာ လိုတော့သည့်အတွက် အားကစားသမား မောင်၊ မယ် အားလုံးသည် နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များ ပြည့်ပြည့်ဝဝခိုင်ခိုင်မာမာဖြင့် ပြိုင်ပွဲဝင်ရန်အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း၊ အားကစားအဖွဲ့များက အဆိုပြုသည့်အတိုင်း သတ်မှတ်စံချိန်များအတွင်း ကိုက်ညီသည့်အားကစားသမားများ၊ အစဉ်အလာရှိသည့် အားကစားများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါကြောင်း၊ သွားလာရေးကအစ အဆင်ပြေအောင်လည်း ဆောင်ရွက်ပေးထားပါကြောင်း။

နိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများအားလုံးက အားကစားမောင်၊ မယ်များ၏ ဇွဲ၊ သတ္တိအပြည့်နှင့် ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသကဲ့သို့ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်း ကြားသိမြင်တွေ့ခံစားခဲ့ရပြီး ဖြစ်သည့်အတွက် မိမိတို့၏အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီနှင့် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်နိုင်မည် ဖြစ်ပါကြောင်း၊ အမိနိုင်ငံ၏အလံတော် လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်သဖြင့် အားသွန်ခွန်စိုက်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြိုင်ပွဲတွင် အောင်နိုင်ရေးအတွက် ယှဉ်ပြိုင်ခြင်းသည် ပြိုင်ပွဲများအတွက် နောက်ဆုံးအဆင့်ဖြစ်သည်ကို သတိပြုစေလိုကြောင်း။

အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း။

**အစီအမံများ ချမှတ်ဆောင်ရွက်**

နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ထောက်ပံ့ငွေများချီးမြှင့်**

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစား သမားများကိုလည်း အသက် (၆၀) ပြည့်မြောက်သည့် အချိန်မှစပြီး သက်ရှိထင်ရှားရှိသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိသကဲ့သို့ ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုနှင့်အထက် ရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအနက်မှ ၂၄ ဦးကို လူမှုထူးချွန်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံကို အပ်နှင်းစဉ်။

❖ **နိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများအားလုံးက အားကစားမောင်၊ မယ်များ၏ ဇွဲ၊ သတ္တိအပြည့်နှင့် ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသကဲ့သို့ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်း ကြားသိမြင်တွေ့ခံစားခဲ့ရပြီး ဖြစ်သည့်အတွက် မိမိတို့၏ အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီနှင့် အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် မှာကြားလို**

❍ **အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုကြရမည်**

*စာမျက်နှာ ၃ မှ*

ပထမအဆင့် ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန် အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ခွင့်ပြုသွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင်လည်း နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးကြမည့် အားကစားမောင်၊ မယ်များအနေဖြင့်လည်း အလားတူ အခွင့်အရေးများ ရရှိကြလာမည်ဖြစ်ကြောင်း။

ထို့အပြင် ယခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ၏ကိုယ်စား သွားရောက်ယှဉ်ပြိုင်မည့် အားကစားမောင်၊ မယ်များကိုလည်း ကြိုးစားမှု ရလဒ်များအပေါ်မူတည်ပြီး နိုင်ငံတော်အနေဖြင့် ဆုရ အားကစားသမားများအတွက် ရွှေတစ်ဦးချင်း ငွေကျပ်သိန်း ၃၀၀၊ ငွေတစ်ဦးချင်း ငွေကျပ်သိန်း ၂၀၀၊ ကြေးတစ်ဦးချင်း ငွေကျပ်သိန်း ၁၀၀၊ ရွှေအသင်းလိုက် တစ်ဦးချင်းငွေကျပ်သိန်း ၁၀၀၊ ငွေအသင်းလိုက် တစ်ဦးချင်း ငွေကျပ်သိန်း ၇၀၊ ကြေးအသင်းလိုက် တစ်ဦးချင်း ငွေကျပ် ၃၅ သိန်း၊ နည်းပြများအတွက် ရွှေတံဆိပ်ဆုရ အားကစားနည်းမှ နည်းပြ တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရ အားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ဆုရ အားကစားနည်းမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများနှင့် နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။

**“မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခမ်း ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလို၊ မြန်မာ့ယဉ်ကျေးမှုမြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရမည်၊ အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြရမည်”**

နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၃၀၊ အုပ်ချုပ်မှုအဖွဲ့များအတွက် ရွှေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်**

ထို့ကြောင့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အောင်လံတလူလူ လွင့်ပျံနေရစေရေး ရေကုန်ရေခမ်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း။

ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးတာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်သည့်အတွက် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသည့် အဖွဲ့ချုပ်များအပါအဝင်အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခမ်း ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှုမြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်စိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြရမည် ဖြစ်ကြောင်း၊ အားကစားနှင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသူရဲကောင်း မောင်၊ မယ်များ အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏အောင်လံ လွင့်ပျံနေစေရေး စွမ်းဆောင် သွားကြရမည်ဖြစ်ကြောင်းဖြင့် အလေးအနက် တိုက်တွန်းမှာကြားသည်။

**အောင်နိုင်ရေးအလံ အပ်နှင်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများနှင့် နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်မည့် အားကစားသမား ၂၉၃ ဦးသည် အားကစားနည်း ၂၀ ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၅/ ၂၀၂၂) ကျင်းပ



**နေပြည်တော် မေ ၂၉**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယခင်အပတ် အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးမျိုးလှိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသော အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**အတည်ပြု**

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသော အမှာစာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြရန် သို့မဟုတ် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်တို့ကို အတည်ပြုသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်တို့က ကော်မတီ၏ (၄/၂၀၂၂) အစည်းအဝေးတွင် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# သီပေါမြို့နယ် နမ္မတူမြစ်ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားစီမံရေးဦးစီးဌာနနှင့် Natural Current Energy Hydropower Co., Ltd တို့အကြား ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် နမ္မတူမြစ်ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းဆိုင်ရာ ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ Natural Current Energy Hydropower Co., Ltd မှ Managing Director ဦးစိုင်းထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ရေအားလျှပ်စစ်စီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်သုံး လျှပ်စစ်စီမံကိန်းများ စသည်တို့ကို သန့်ရှင်းသော စွမ်းအင်မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်တည်ရှိ၍ စက်တပ်ဆင်အင်အား ၂၁၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ဓာတ်အား ယူနစ်ကီလိုဝပ် နာရီသန်းပေါင်း ၁၀၀၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို ဓာတ်အား ပို့လွှတ်ရေးလိုင်းများမှတစ်ဆင့် ဓာတ်အားသုံးစွဲသူများထံ ပို့ဆောင်ပေးမည်ဖြစ်သဖြင့် အိမ်ထောင်စုများစွာကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ National Electrification Plan အရ နိုင်ငံအတွက် ဓာတ်အားလုံလောက်စွာထုတ်လုပ်မှုကို အထောက်အကူရရှိစေမည့်အပြင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် Natural Current Energy Hydropower Co., Ltd. အနေဖြင့် စီမံကိန်းကို သတ်မှတ်အချိန်ကာလအတိုင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သောစီမံကိန်းများကို




အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးကိုလည်း မြှင့်တင်သွားရန် ဆန္ဒရှိပါကြောင်းနှင့် ကုမ္ပဏီများအနေဖြင့် ဒေသခံများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် Natural Current Energy Hydropower Co., Ltd မှ Managing Director ဦးစိုင်းထွန်းထွန်းဦးမှ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်နှင့် Natural Current Energy Hydropower Co., Ltd မှ Managing Director ဦးစိုင်းထွန်းထွန်းဦးတို့က နမ္မတူ (သီပေါ) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြကာ အပြန်အလှန် လဲလှယ်ကြသည်။

ယနေ့ လက်မှတ်ရေးထိုးသော နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်အတွင်းရှိ နမ္မတူမြစ်ပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ပြီး စက်တပ်ဆင်အင်အား ၂၁၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ဓာတ်အားယူနစ် ကီလိုဝပ်နာရီသန်းပေါင်း ၁၀၀၆ သန်း ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြုစီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့နယ်၌ စီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ




**ဝေါ မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ဝေါမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုသက်က ဝေါမြို့နယ်၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များအပေါ် ရှင်းလင်းတင်ပြပေးသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်က စီမံကိန်းရည်မှန်းချက်များတွင်ပါဝင်သည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်သည်။

အဆိုပါ တာဝန်ပေးအပ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် စည်ပင်သာယာအဖွဲ့ စုစုပေါင်း ဌာနငါးခုမှ လုပ်ငန်းပေါင်း ၅၆ ခုအား တိုင်းဒေသကြီး ဘတ်ဂျက် ငွေကျပ် ၃၅၅၈ ဒသမ ၆၈၄ သန်းဖြင့် စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# "သံခင်း တမန်ခင်းဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် ရှေ့တန်းခံစစ်စည်းဖြစ်တယ်" ဟူသော အဆိုကို လက်တွေ့သက်သေပြခြင်း

**သန်းဇော်**

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် မေ ၃ ရက်နေ့က မြန်မာနိုင်ငံ ဗဟိုဘဏ်ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ထုတ်ပြန်မှု (နိုင်ငံခြားသုံးငွေကိစ္စ) အပေါ် မြန်မာနိုင်ငံမှာရှိတဲ့ ဂျပန်သံရုံးက မေ ၄ ရက်မှာ လည်းကောင်း၊ ဥရောပသမဂ္ဂက မေ ၅ ရက်မှာ လည်းကောင်း၊ စင်ကာပူသံရုံးက မေ ၆ ရက်မှာ လည်းကောင်း တစ်ရက် / နှစ်ရက်သာ ကွာခြားပြီး သူတို့ နိုင်ငံသားတွေရဲ့ ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားအတွက် တောင်းဆိုချက်များကိုဖော်ပြကာ နိုင်ငံခြားရေးဝန်ကြီးဌာနကို စာပေးပို့ခဲ့ကြတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ သံရုံးဖွင့်လှစ်ရခြင်း၊ သံတမန်များအပြန်အလှန်ထားရှိရခြင်းရဲ့ ရည်ရွယ်ချက်ကို သိရှိဖို့ Diplomats နဲ့ Diplomacy အဓိပ္ပာယ်ကို ဦးစွာသိရှိဖို့ လိုအပ်ပါတယ်။

### Diplomats နှင့် Diplomacy ၏ အဓိပ္ပာယ်

ကမ္ဘာ့နိုင်ငံ အသီးသီးမှာ မိမိနိုင်ငံရဲ့ ကိုယ်စားလှယ်ကို အခြားနိုင်ငံရဲ့ မြို့တော်မှာ ထားရှိပြီး နိုင်ငံတကာရေးရာကိစ္စရပ်တွေမှာ မိမိနိုင်ငံကို ကိုယ်စားပြု ညှိနှိုင်းဆောင်ရွက်ရေးဟာ လိုအပ်ချက်တစ်ရပ်ဖြစ်လာပါတယ်။ ထို လူတန်းစားတစ်ရပ် ပေါ်ပေါက်လာခဲ့ပြီး သူတို့ကို သံတမန် (Diplomats) လို့ ခေါ်ဆိုပါတယ်။ နိုင်ငံတကာအရေးကိစ္စရပ်တွေမှာ မိမိနိုင်ငံကိုယ်စားပြုပြီး ဆွေးနွေးညှိနှိုင်း ဖြေရှင်းရာမှာ အသုံးပြုတဲ့ နည်းလမ်း၊ အတတ်ပညာကို သံခင်းတမန်ခင်း (Diplomacy) ဟု ခေါ်ဆိုပါတယ်။

အဓိကမှာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေ ဖြစ်ပါတယ်။

### သံအမတ်ခန့်အပ်လွှာ ပေးအပ်ခြင်း

သံအမတ်ကြီး တာဝန်ထမ်းဆောင်ဖို့ အိမ်ရှင်နိုင်ငံတစ်ခုကို ရောက်ရှိသွားတဲ့အခါ သံတမန်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနား (Presentation of Credentials) ဟာ အထူးအရေးကြီးပါတယ်။ မိမိနိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲထံမှ သဝဏ်လွှာကို လက်ခံတဲ့နိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲထံသို့ အခမ်းအနားနဲ့ ပေးအပ်ရတဲ့ မင်းခမ်းမင်းနားတစ်ရပ် ဖြစ်ပါတယ်။

### နိုင်ငံတိုင်းရှိ အစိုးရတိုင်း၏ လက်ယာရံနှင့် လက်ဝဲရံ

နိုင်ငံတိုင်းရဲ့ အစိုးရတိုင်းမှာ ကာကွယ်ရေးဝန်ကြီးဌာနကို လက်ယာဘက်မှာ ကိုင်ထားပြီး လက်ဝဲဘက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနကို ကိုင်ထားလေ့ရှိပါတယ်။ (လက်ဝဲဘက်မှာ Soft power ထားပြီး လက်ယာဘက်မှာ Hard power ထားရှိတဲ့သဘော ဖြစ်ပါတယ်။)

"သံခင်းတမန်ခင်းဟာ နိုင်ငံတော် ကာကွယ်ရေးအတွက် ရှေ့တန်းခံစစ်စည်း ဖြစ်တယ်" (Diplomacy is the first line of defence) လို့ အဆိုရှိပါတယ်။ တစ်နည်းအားဖြင့် ရှေ့ဆုံးက ဒိုင်းသဖွယ် နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန် (Diplomats) တွေက သံတမန်အတတ်ပညာနဲ့ ရှေ့ဆုံးကနေ ပြည်ပရောက် နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအပါအဝင် နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် အကာအကွယ်ပေးရမှာ ဖြစ်ပါတယ်။

> **❑ နိုင်ငံတိုင်းရဲ့ အစိုးရတိုင်းမှာ ကာကွယ်ရေးဝန်ကြီးဌာနကို လက်ယာဘက်မှာ ကိုင်ထားပြီး လက်ဝဲဘက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနကို ကိုင်ထားလေ့ရှိပါတယ်။ (လက်ဝဲဘက်မှာ Soft power ထားပြီး လက်ယာဘက်မှာ Hard power ထားရှိတဲ့သဘော ဖြစ်ပါတယ်။)**
>
> **❑ "သံခင်းတမန်ခင်းဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် ရှေ့တန်းခံစစ်စည်း ဖြစ်တယ်" (Diplomacy is the first line of defence) လို့ အဆိုရှိပါတယ်။ တစ်နည်းအားဖြင့် ရှေ့ဆုံးက ဒိုင်းသဖွယ် နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန် (Diplomats) တွေက သံတမန်အတတ်ပညာနဲ့ ရှေ့ဆုံးကနေ ပြည်ပရောက် နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအပါအဝင် နိုင်ငံတော်ရဲ့ အကျိုးစီးပွား အတွက် အကာအကွယ်ပေးရမှာ ဖြစ်ပါတယ်**

တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးအတွက် "ဒုတိယ ခံစစ်စည်း" (Second Line of Defence) ဖြစ်ပါတယ်။

ဒီ ဝန်ကြီးဌာန နှစ်ခုဟာ အစိုးရတိုင်းအတွက် သိပ်အရေးပါ ပါတယ်။ ဒါကြောင့်လည်း ဒီဝန်ကြီးဌာန နှစ်ခုရဲ့ ဝန်ကြီးများအဖြစ် အာဏာရ ပါတီ/အာဏာရ အစိုးရ (သို့) တည်ဆဲအစိုးရရဲ့ အဓိက ပုဂ္ဂိုလ်က သူ့စိတ်ကြိုက် ပုဂ္ဂိုလ်တွေကို ထိုဝန်ကြီးနေရာတွေမှာ တာဝန်ပေးလေ့ ရှိပါတယ်။

### နမူနာယူရမည့် အချက်

ဗဟိုဘဏ်ရဲ့ မေ ၃ ရက်နေ့ အမိန့် ကြော်ငြာချက်အပေါ် မြန်မာနိုင်ငံရှိ ဂျပန်သံရုံး၊ ဥရောပသမဂ္ဂနဲ့ စင်ကာပူနိုင်ငံ သံရုံးတွေက မြန်မာနိုင်ငံမှာ ရှိတဲ့ သူတို့ နိုင်ငံသားတွေ အကျိုးစီးပွားအတွက် ရှေ့တန်းခံစစ်စည်းအဖြစ် ရှေ့ဆုံးကနေ အကာအကွယ်ပေးပြီး တောင်းဆိုချက် (Request) များ ထုတ်ပြန်ခဲ့တာကို အားလုံးသိရှိမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၂၁ ခုနှစ် ဆူပူဆန္ဒပြမှုများ အတွင်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မှာ တရုတ်နိုင်ငံသားတွေ လာရောက်ရင်းနှီးမြှုပ်နှံနေတဲ့ စက်ရုံတွေ မီးရှို့ခံရတဲ့ဖြစ်စဉ် ဖြစ်ပွားပြီးနောက် တရုတ်သံရုံးက သူတို့နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ပေးဖို့ တောင်းဆိုမှုများ ထုတ်ပြန်ကြေညာခဲ့တာကို သိရှိကြပြီး ဖြစ်ပါတယ်။

ဒါဟာ သံရုံးရှိ သံတမန်တွေရဲ့ သံခင်းတမန်ခင်း အတတ်ပညာနဲ့ ရက်ကွာဟချက် သိပ်မရှိဘဲ ပြည်ပရှိ သူတို့ နိုင်ငံသားတွေနဲ့ INGO အဖွဲ့အစည်းတွေအတွက် တောင်းဆိုမှုများ ပြုလုပ်ပြီး တုံ့ပြန်ခဲ့တာကို သင်ယူရမယ့် နမူနာသင်ခန်းစာအဖြစ် တွေ့မြင်ခဲ့ရပါတယ်။

### သံတမန်တွေ မျက်နှာငယ်ရတဲ့ ကာလ

ဒါပေမယ့် သံတမန်(Diplomats)တွေ မျက်နှာငယ်ရတဲ့ ကာလတွေမှာတော့ သံခင်းတမန်ခင်း (Diplomacy) အတတ်ပညာဟာ တိုးမပေါက်၊ အရာမထင်ကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ "သံတမန်တွေ မျက်နှာငယ်ရတယ်" ဆိုတာက ဒေသတွင်းနဲ့ ကမ္ဘာ့အရေးကိစ္စ အစည်းအဝေးတွေမှာ အစည်းအဝေး တက်ရောက်ခွင့်၊ ပြောဆိုခွင့်မရရှိတဲ့ အခြေအနေများပင် ဖြစ်ပါတယ်။

အနီးစပ်ဆုံး ဥပမာပြရရင် ယူကရိန်းအပေါ် ရုရှားကျူးကျော်စစ် ဖြစ်ပွားနေစဉ် အတောအတွင်း ကုလသမဂ္ဂ အစည်းအဝေးတစ်ခုမှာ ရုရှား နိုင်ငံခြားရေးဝန်ကြီးက အွန်လိုင်းကနေ မိန့်ခွန်း ပြောကြားနေတုန်း အစည်းအဝေးတက်ရောက်သူ အားလုံးနီးပါး နားမထောင်ဘဲ ခန်းမထဲကနေ ထွက်ခွာခြင်းမျိုး၊ ဒေသတွင်းရှိ အဖွဲ့အစည်းတွေမှာ အစည်းအဝေး တက်ခွင့်မရခြင်းမျိုး၊ အစည်းအဝေးတက်ခွင့်ရပေမယ့် စကားပြောခွင့်မရခြင်းမျိုး စသည်တို့ ဖြစ်ပါတယ်။

### နိဂုံးချုပ်

အချုပ်ဆိုရရင် နိုင်ငံတိုင်းဟာ သူတို့ရဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် ကျရောက်လာနိုင်ဖွယ်ရှိတဲ့ ဆိုးကျိုးများ၊ အန္တရာယ်များ၊ ခြိမ်းခြောက်မှုများကို သံတမန်အတတ်ပညာ (Diplomacy) များ၊ သံတမန်နည်းပရိယာယ်များကို အသုံးချပြီး "Diplomacy is the first line of defence" ဆောင်ပုဒ်အတိုင်း ကြိုတင်မျှော်တွေး ကာကွယ်ဟန့်တားကြရပါမယ်။ Soft power နဲ့ Hard power ပေါင်းစပ်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အသုံးချနိုင်ရေး အထောက်အကူပြုရပါမယ်။

နိုင်ငံတော်ရဲ့ လစာနဲ့ စရိတ် ခံစားနေကြတဲ့ မြန်မာသံတမန်တွေအနေနဲ့ အထက်မှာ ဖော်ပြခဲ့သော ပြည်ပသံရုံးများရဲ့ လုပ်ဆောင်ချက်တွေလိုမျိုး လုပ်ဆောင်လျက် ရှိတယ်လို့ ထင်ပါတယ်။ လုပ်ဆောင်လည်း လုပ်ဆောင်ရပါမယ်။ လုပ်ဆောင်လည်း လုပ်ဆောင်သင့်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်တွင်းမှာရှိတဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက်သာမက ပြည်ပနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ နိုင်ငံသားတွေ၊ ပြည်ပနိုင်ငံတွေမှာ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ဝမ်းရေးအတွက် ရှာဖွေလုပ်ကိုင်စားသောက်နေတဲ့ နိုင်ငံသားတွေ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေး သင်္ဘောကုမ္ပဏီတွေမှာ လုပ်ကိုင်နေတဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက်လည်း အထက်မှာ ဖော်ပြခဲ့တဲ့ နမူနာအတိုင်း အချိန်မဆိုင်းဘဲ ကာကွယ်စောင့်ရှောက်ပေးနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

---

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို **"တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)"** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်နှင့် မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ယခုနှစ်ဆောင်ပုဒ်မှ တိုက်တွန်းထားပါသည်။ ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ **"တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)"** ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ စာမူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၈)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၁၃၂၉၉၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေလ (၁၂) ရက်၊ ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ် အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website (www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department–ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပြည်သူများထံသို့ အသင့်စားသုံးဆန်များ မှန်ကန်သောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းဖြင့် သမဝါယမပုံရိပ်ကောင်းများ ဖြစ်ပေါ်လာမည်

နေပြည်တော် ဧပြီ ၂၉

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာရှိ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ စမ်းသပ်လည်ပတ်လျက်ရှိသော ဆန်စက်သို့ ရောက်ရှိပြီး ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ တာဝန်ရှိသူများ၊ စက်ရုံတာဝန်ခံများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရွှေဇေယျာ သမဝါယမအသင်း အသင်းသားများအတွက် စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ သွင်းအားစုများ ထောက်ပံ့ခြင်း၊ ခြွေလှေ့စက်အပါအဝင် မျိုးစပါးများ ထောက်ပံ့ခြင်းတို့ကို သမဝါယမ Contract Farming စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အသင်းသားများထဲမှ ဝယ်ယူပြီးသော စပါးများကို ကြိတ်ခွဲရောင်းချခြင်းဖြင့် ရရှိလာသော အမြတ်များကို အသင်းသားများထံသို့ ပြန်လည်ခွဲဝေပေးခြင်း၊ အသင်းသားများက ရောင်းချသည့် စပါးအပေါ်တွင်လည်း အသင်းအနေဖြင့် ကုန်ဝယ်ပြန်အမ်း (Refund) စနစ်များ ဆောင်ရွက်ပေးခြင်းဖြင့် အသင်းသားများ ဝင်ငွေပိုမိုတိုးတက်ရရှိပြီး အသင်းအနေဖြင့်လည်း ထိုက်သင့်သည့် ရန်ပုံငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဈေးကွက်ဖော်ဆောင်ခြင်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် မြို့နယ်သမဝါယမအသင်းစုများမှ ဖြန့်ဖြူးရောင်းချမည့် အဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး အခြေခံသမဝါယမအသင်းသား ပြည်သူများထံသို့ အသင့်စားသုံးဆန်များကို မှန်ကန်သော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းဖြင့် သမဝါယမပုံရိပ်ကောင်းများ ဖြစ်ပေါ်လာမည့်အပြင် ဆန်စက်လုပ်ငန်းကိုလည်း စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။

ရွှေဇေယျာ အခြေခံသမဝါယမအသင်းအနေဖြင့် ဆန်စက်မှ ထွက်ရှိသော ကုန်ချောပစ္စည်းများကို သမဝါယမအသင်းအချင်းချင်း တိုက်ရိုက်ချိတ်ဆက်ဖြန့်ဖြူးရောင်းချဆောင်ရွက်ခြင်းဖြင့် အသင်းဝင်ငွေကောင်းရရှိအောင် ဆောင်ရွက်နိုင်မည့်အပြင် ထွက်ကုန်ပစ္စည်းများ ပိုမိုရောင်းချနိုင်ခြင်းဖြင့် ဆန်စက်လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆန်စက်၏ ပြင်ဆင်ရမည့် အစိတ်အပိုင်းများကိုပြင်ဆင်ပြီး စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဆန်စက်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆန်စက်သည် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ KOICA တို့ ဆန်စက်တည်ထောင်နိုင်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီး ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ တာဝန်ယူဆောင်ရွက်နေသော ဆန်စက်ဖြစ်ကာ အသင်းဝင်ငွေတိုးပွားရေးအတွက် ရွှေဇေယျာ သမဝါယမအသင်းနှင့် မင်းဆက်စံသမဝါယမအသင်းတို့ ပူးပေါင်း၍ ဆန်စက်ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်စက်မှာ တစ်လလျှင် စပါးတင်း ၃၀၀၀၀ ကြိတ်ခွဲနိုင်ပြီး အခြောက်ခံမှုအနေဖြင့် တစ်လလျှင် စပါးတင်း ၆၀၀၀၀ ကို အခြောက်ခံနိုင်မည်ဖြစ်ကြောင်း၊ စပါးချိန်စက်၊ အစိုဓာတ်တိုင်းတာစက်၊ အခြောက်ခံစက်၊ သိုလှောင်စက်၊ ကြိတ်ခွဲစက်၊ စပါးအခွံချွတ်စက်၊ သန့်စင်စက်၊ ဖွတ်စက်၊ အရောင်တင်စက်၊ အရောင်ရွေးစက်၊ ဆန်အရည်အသွေး ခွဲခြားတိုင်းတာစက်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ဆန်စက်အနေဖြင့် တစ်နှစ်လျှင် ၁၀ လ လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မေ ၂၆ ရက်တွင် ကျောင်းအပ်နှံရေးလုပ်ငန်းများ စတင်မည်ဖြစ်ပြီး ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပညာရေးဘွဲ့ စာပေးစာယူ အမှတ်စဉ်(၃၇) ဒုတိယနှစ်နှင့် အမှတ်စဉ် (၃၈) ပထမနှစ် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပွဲကို ရန်ကုန်မြို့ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဆရာ ဆရာမတို့၏ဘဝရှေ့ရေးတက်လမ်းအတွက် ကြိုးစားကြစေလိုကြောင်း၊ ပညာရေးဘွဲ့ စာပေးစာယူသင်တန်းများကို ပညာရေးဘွဲ့မရရှိသေးသည့် ဆရာ ဆရာမများအတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်များတွင် သာမက ပညာရေးဒီဂရီကောလိပ် ၂၅ ခုတွင် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် B.Ed ဘွဲ့မရရှိသေးသည့် ဆရာ ဆရာမ အများအပြားရှိပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဘွဲ့မရရှိသေးသည့် ဆရာ ဆရာမများအနေဖြင့် ပညာရေးဘွဲ့ရရှိရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဖွင့်လှစ်ဆောင်ရွက်သည့်အတွက် နှစ်အနည်းငယ်အတွင်း ပညာရေးဘွဲ့ကို သင်တန်းသား သင်တန်းသူအားလုံး ရရှိနိုင်မည်ဖြစ်ကြောင်း။

နွေရာသီတွင် သင်တန်းဖွင့်လှစ်သည့်ကာလ တိုတောင်းသော်လည်း မိမိတို့၏ ဘဝရည်မှန်းချက်များအဖြစ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဘွဲ့ရရှိပြီးသည့်အပြင် မိမိတို့၏ဘာသာရပ်ဆိုင်ရာများကိုပါ ထူးချွန်ကျွမ်းကျင်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ မေ ၂၆ ရက်တွင် ကျောင်းအပ်နှံရေးလုပ်ငန်းများကို စတင်မည်ဖြစ်ပြီး ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် ပရဟိတသမားများပင် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားရာတွင် အဆင့်အတန်း ခွဲခြားဆက်ဆံခြင်းများမပြုလုပ်ဘဲ တန်းတူညီမျှ သင်ကြားပေးကြရမည် ဖြစ်ပါကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပညာရေးစာပေးစာယူ သင်တန်းအမှတ်စဉ် (၃၈) ပထမနှစ်နှင့် သင်တန်းအမှတ်စဉ်(၃၇) ဒုတိယနှစ် သင်တန်းများကို ဧပြီ ၁၉ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၉**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများသည် မိုင်းဆတ်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝက်ဘာကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရပ်တော်မူကျောင်းတိုက်နှင့် ဟိုပန်မြို့နယ်ရှိ သာသနာ့ရောင်ခြည် (မြို့မ) ကျောင်းတိုက်တို့သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိစမ်းမေတ္တာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန် / စစ်ကိုင်း)သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ

**လွိုင်ကော် ဧပြီ ၂၉**

ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း)သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော မိမိတို့နိုင်ငံတွင် တိုင်းရင်းသားများ၏အရေးကို ဆောင်ရွက်ရာ၌ တိုင်းရင်းသားအားလုံး တစ်ပြေးညီ အကျိုးခံစားခွင့်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအားလုံးက အပြန်အလှန်လေးစားယုံကြည်မှုဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မှသာ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်နယ်ကိုယ်စားပြု တက်ရောက်မည့် သင်တန်းသား သင်တန်းသူများတွင် တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

### ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ သင်တန်းတက်ရောက်မည့် ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၇ ဦးအတွက် ခရီးစရိတ်နှင့် ထောက်ပံ့ငွေကျပ် ၇၂၈၀၀၀၀ အားပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ် နှစ်ဦးက လက်ခံရယူခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ပေးမှုဖြင့် သင်တန်းသား သင်တန်းသူများကို သက်ဆိုင်သည့် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ အဆင်ပြေစွာ သွားရောက်နိုင်ရေးအတွက် စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**



# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၁ / ၂၀၂၂) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အရာထမ်းများလုပ်ငန်းကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပသည်။



သင်တန်းဆင်းပွဲ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သင်တန်းဆင်း အရာထမ်းများအနေဖြင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို သင်ယူပြီးဖြစ်သည့်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို စီမံဆောင်ရွက်ရာတွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ သံဃာ့အဖွဲ့အစည်းများနှင့်ပတ်သက်၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေများအပါအဝင် အခြားဥပဒေများကို လေ့လာကြရန်နှင့် အဂတိတရားလေးပါးကို သတိထားရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း။

တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာ လျှင် အဖွဲ့အစည်းစွမ်းဆောင်ရည်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ နေထိုင်ကြရမည် ဖြစ်ကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် ယုံကြည်အားကိုးရသော အရာထမ်းကောင်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသားအရာထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဧပြီ ၁၉ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဧပြီ ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၅၄၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၀၅၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၇၅ ဦး၊ ရေဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၂၇၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၈၅၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၅၄၂၀ နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဒေသခံပြည်သူ ၇၀တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၅၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှား၏ စားအုန်းဆီတင်ပို့မှု ကန့်သတ်ချက်သည် မြန်မာနိုင်ငံ စားသုံးဆီလိုအပ်ချက်ကို ထိခိုက်နိုင်ပါသလား

မျိုးသူ (ကုန်သွယ်မြှင့်)

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက် သောကြာနေ့တွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုက စားအုန်းဆီတင်ပို့မှုများကို ကန့်သတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါပြောကြားချက်နောက်ပိုင်းတွင် ကမ္ဘာ့ စားသုံးဆီတင်သွင်းတင်ပို့သူများကြား များစွာလှုပ်ခတ်သွားပြီး ဂယက်များထလျက်ရှိသည်ဟု ဆိုပါသည်။ အဆိုပါ သတင်းမတိုင်မီတွင် ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ဆီအုန်းမှ စားအုန်းဆီထုတ်လုပ်မှုများ ကျဆင်းပြီး စားအုန်းဆီဈေးနှုန်းများသည် ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင် စတင်မြင့်တက်ခဲ့ပါသည်။ ထို့နောက် ယူကရိန်းတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် နေကြာစိုက်ပျိုးထုတ်လုပ်မှုကျဆင်းပြီး နေကြာ ဆီဈေးများသည် ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်မြင့်တက်လာပြီး နေကြာဆီနောက်မှ ပဲပုပ်ဆီ၊ ကင်နိုလာနှင့် စားအုန်းဆီဈေးများ အသီးသီး လိုက်လံမြင့်တက်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် တစ်နှစ်လုံးတွင် ကမ္ဘာ့စားသုံးဆီဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်အတွက် ဘရာဇီးအပါအဝင် တောင်အမေရိကနိုင်ငံများတွင် ရာသီဥတုကြောင့် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်မှုကျဆင်းသည်ကိုကြုံတွေ့ရပြီး အကျိုးဆက်အဖြစ် ပဲပုပ် စားသုံးသောနိုင်ငံများတွင် အထောက်အကူအဖြစ် စားအုန်းဆီနှင့် နေကြာဆီများကို ဖြည့်တင်းလာကြသည်ကို တွေ့ရပါသည်။ ထို့နောက်ပိုင်းတွင် ရုရှားနှင့် ယူကရိန်းတို့၏စစ်ပွဲကြောင့် နေကြာဆီ ထုတ်လုပ်မှုကိုများစွာထိခိုက်ပြီး နေကြာဆီဈေးများလည်း မြင့်တက် လာခဲ့ပါသည်။


ယခုတစ်ဖန်တွင် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုကို ကန့်သတ်မည်ဟူသော သတင်းစကားကြောင့် အင်ဒိုနီးရှားမှ စားအုန်း ဆီ တင်သွင်းသော နိုင်ငံများအတွက် အခက်အခဲများ ရင်ဆိုင်ရမည်ကို စိုးရိမ်လာကြကြောင်း သိရှိရပါသည်။ သို့ရာတွင် ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုတွင် ဒုတိယလိုက်သော မလေးရှားနိုင်ငံက တင်ပို့ခွန်အပေါ် ကောက်ခံသည့် အခွန်ရာခိုင်နှုန်းကိုလည်း ပြောင်းလဲခြင်းမပြုသည့် အပြင် အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့မှုကန့်သတ်ချက်ကြောင့် အခက်အခဲ ကြုံတွေ့နိုင်သည့် စားအုန်းဆီတင်သွင်းသော နိုင်ငံများကို တတ်နိုင် သမျှ ကူညီပေးသွားမည်ဖြစ်သည်ဟုလည်း တစ်ပြိုင်နက် သတင်း ထွက်ပေါ်လာပါသည်။

ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံမှ ကန့်သတ်ချက်ထုတ်ပြန်လျှင် တင်သွင်းမှုများ အဆင်ပြေစေရန် မလေးရှားနိုင်ငံသို့ မှာကြားခြင်းများ ကို လုပ်ဆောင်နေကြပြီဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် သတိပြုရမည့်အချက်မှာ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းရှိပြီး မလေးရှားနိုင်ငံမှာ ၂၅ ရာခိုင်နှုန်း သာ ရှိသဖြင့် အင်ဒိုနီးရှား၏ ပို့ကုန်ကွက်လပ်ကို ဖြည့်နိုင်စွမ်းရှိပါမည် လားဟု တွေးစရာဖြစ်လာပါသည်။

အဆိုပါ မေးခွန်းအတွက် အဖြေကို ၂၅-၄-၂၀၂၂ တနင်္လာနေ့တွင် အင်ဒိုနီးရှားနိုင်ငံမှ ကန့်သတ်မည့် စားအုန်းဆီ အမျိုးအစားများကို ထုတ်ပြန်လာသဖြင့် အသက်ရှူချောင်စရာဖြစ်လာသကဲ့သို့ အင်ဒိုနီးရှားမှ စားအုန်းဆီကြမ်း Crude Palm Oil-CPO တင်သွင်းသည့် အိန္ဒိယကဲ့သို့နိုင်ငံများအတွက်လည်း အကျပ်အတည်းမှ သက်သာရန် ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီထုတ်လုပ်မှုမှာများစွာ ကျဆင်းခြင်းမျိုးမဟုတ်ဘဲ ဆီကြမ်းသိုလှောင်ကန်များတွင် အပြည့်အဝ ရှိနေပြီး သိုလှောင်ရန်အခက်အခဲပင် ဖြစ်ပေါ်နိုင်သည်ဟု ဆိုကြပါ သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ၏ အဓိကပြဿနာမှာ သန့်စင်ပြီး စားအုန်းဆီချောများ ထုတ်လုပ်မှုမှာလျော့နည်းသဖြင့် ပြည်တွင်း စားအုန်းဆီဈေးများ မြင့်တက်ခြင်းကသာ အဓိကဖြစ်သည်ဟုလည်း ခန့်မှန်းကြပါသည်။

အဘယ်ကြောင့်ဆိုသော် အင်ဒိုနီးရှားနိုင်ငံတွင် ယခုရက်များ အတွင်း စားအုန်းဆီ တစ်ကီလိုဂရမ်လျှင် ၁ ဒသမ ၈၄ အမေရိကန်ဒေါ်လာ (မြန်မာငွေဖြင့် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ခန့်)အထိ ဈေးမြင့်တက် လျက်ရှိသည်ဟု ဆိုပါသည်။ ထိုသို့ ပြည်တွင်းဈေးတက်နေသော်လည်း ပြည်ပတင်ပို့ရသည့် ပို့ကုန်ရငွေမှာ အင်ဒိုနီးရှားအတွက် ယခင်က စားအုန်းဆီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၉၀၀ ကျော်မှ ယခု အခါ ၁၆၀၀ ကျော်အထိ ကျဆင်းလာသည်ကို ထိန်းသိမ်းလိုသဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း သုံးသပ်ကြပါသည်။

ထို့ကြောင့်ပင် ၂၅-၄-၂၀၂၂ နံနက်ပိုင်းတွင် အင်ဒိုနီးရှား၏ စားအုန်းဆီဈေးသည် မြင့်တက်နေရာမှ ညနေပိုင်းတွင် ပြန်လည် ကျဆင်းသွားသည်ကို တွေ့မြင်ရပါသည်။ အင်ဒိုနီးရှားအခက် မလေးရှားအချက်ဟူသကဲ့သို့ ဖြစ်လာနိုင်သည်ကိုလည်း တွေ့မြင်နေရ




**ထိလွယ်ရှလွယ်သည့် အာရှနှင့် အာဖရိကနိုင်ငံငယ်များအတွက် စားအုန်းဆီဈေးသည် ထိခိုက်မှုတစ်ခုဖြစ်လာနိုင်ပါသည်။ လက်ရှိအခြေအနေတွင် စားအုန်းဆီသည် ကိတ်မုန့်များ၊ ဘီစကစ်မုန့်များ၊ ချောကလက်များ စသော စားသောက်ကုန်အမျိုးမျိုးအပြင် အလှကုန်ပစ္စည်းများ၊ ဆပ်ပြာများတွင်ပါ ဘက်စုံသုံးစွဲနေရသဖြင့် အခြားသော ကုန်စည်များ၏ဈေးနှုန်းများကိုပါ သတိထားစရာ ဖြစ်လာပါသည်**

ပါသည်။ မလေးရှားသည် အင်ဒိုနီးရှားနှင့် ပူးပေါင်းဆောင်ရွက်မည် ဆိုသော်လည်း စားအုန်းဆီဈေးများကို ကြည့်လျှင် ယခုဧပြီလဆန်းတွင် တစ်တန်လျှင် ဒေါ်လာ ၁၆၀၀ ကျော်မှ မြင့်တက်လာပြီး မေလ စားအုန်းဆီဈေးများသည် ဒေါ်လာ ၁၇၄၀ သို့ ရောက်ရှိနေသည်ကို တွေ့နိုင်ပါသည်။

သို့ဖြစ်၍ ကုန်ကျစရိတ်များနှင့်ပတ်သက်လျှင် ထိလွယ်ရှလွယ် သည့် အာရှနှင့် အာဖရိက နိုင်ငံငယ်များအတွက် စားအုန်းဆီဈေးသည် ထိခိုက်မှုတစ်ခုဖြစ်လာနိုင်ပါသည်။ လက်ရှိအခြေအနေတွင် စားအုန်း ဆီသည် ကိတ်မုန့်များ၊ ဘီစကစ်မုန့်များ၊ ချောကလက်များစသော စားသောက်ကုန်အမျိုးမျိုးအပြင် အလှကုန်ပစ္စည်းများ၊ ဆပ်ပြာများ တွင်ပါ ဘက်စုံသုံးစွဲနေရသဖြင့် အခြားသောကုန်စည်များ၏ဈေးနှုန်း များကိုပါ သတိထားစရာ ဖြစ်လာပါသည်။ စားအုန်းဆီထုတ်လုပ်တင် ပို့သော နိုင်ငံများကိုကြည့်လျှင် အင်ဒိုနီးရှားနောက်တွင် မလေးရှား နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ စသဖြင့် အစဉ်လိုက်ရှိနေကြောင်း အထက်ပါဇယားတွင် တွေ့နိုင်ပါသည်။

## ကမ္ဘာ့စားအုန်းဆီဈေးကွက်အခြေအနေ

ကမ္ဘာ့စားအုန်းဆီဈေးကွက်အခြေအနေသည် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် အတက်ဘက်သို့ ဦးတည်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ စားအုန်းဆီဈေးနှုန်းသည် တစ်တန်လျှင် ရင်းဂစ် ၅၅၀၀ အထိ မြင့်တက်ခဲ့ပါသည်။ ခန့်မှန်းသည့်အတိုင်း မတ်လအထိ ဆက်လက် မြင့်တက်ခဲ့သော်လည်း ဧပြီလတွင် အကျဘက်သို့ ပြန်လည်ဦးတည် လာနေသည်ဟု ဆိုနိုင်ပါသည်။ ဆီအုန်းစိုက်ပျိုးပြီး စားအုန်းဆီ အမျိုးမျိုးကို ကမ္ဘာတွင် အများဆုံးတင်ပို့နေသော အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီပြည်ပပို့ကုန်များအပေါ် အခွန်ကောက်ခံသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်းသို့ သတ်မှတ်ပြဋ္ဌာန်းထားသည့် အရေအတွက်ပမာဏကို ကုမ္ပဏီများက မဖြစ်မနေရောင်းချပေးရန် အတွက် ရာခိုင်နှုန်း ၂၀ ချန်လှပ်ထားရကြောင်း သိရပါသည်။

စားအုန်းဆီအကြမ်းနှင့် အချောများကို တင်ပို့နေသော ပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ပမာဏ၏ ရာခိုင်နှုန်း ၂၀ ကို ပြည်တွင်းဈေးကွက်အတွက် ဖယ်ထားရမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး Muhammad Lutfi က ပြောကြားခဲ့ပါသည်။ စားအုန်းဆီကုန်ကြမ်း Crud Palm Oil သည် ပြည်တွင်းဈေးကွက်တွင် ရောင်းဈေး တစ်ကီလိုဂရမ်လျှင် ရူပီယာ ၉၃၀၀ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅) ဖြင့် ရောင်းချရန်နှစ်ဆန်းပိုင်းက ဈေးနှုန်းသတ်မှတ် ပြဋ္ဌာန်းထားခဲ့သော်လည်း ဧပြီ ၂၀ ရက် နောက်ပိုင်းတွင် အင်ဒိုနီးရှား ပြည်တွင်းဈေးကွက်၌ စားအုန်းဆီတစ်ကီလိုဂရမ်ဈေးနှုန်းမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၄ အထိ မြင့်တက်လာကြောင်း အထက်တွင် ဖော်ပြထားပါသည်။ ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးရှိသည့်အနက် စားအုန်းဆီကို အများဆုံးတင်ပို့နေသော အင်ဒိုနီးရှားနိုင်ငံတွင် ပြဋ္ဌာန်းချက်အသစ်ကြောင့် တင်ပို့မှုပမာဏ လျော့ကျနိုင်ကြောင်း သုံးသပ်ခဲ့ကြပါသည်။ ယခုအခါတွင် အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့မှုကို စားအုန်းဆီ RBD Palm Olein IV 56 နှင့်အထက် အဆင့်မြင့် စားအုန်းဆီများကို တားမြစ်ကန့်သတ်ခြင်းဖြင့် ၂၅ ရက်ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ စားအုန်းဆီဈေးများ ပြန်လည်ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။

သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံ၏ ကန့်သတ်ချက်သည် ကမ္ဘာ့ စားသုံးဆီဈေးကွက်အပေါ် အထိုက်အလျောက် ရိုက်ခတ်နိုင်သည်ကို တွေ့ရှိနိုင်ပါသည်။ အင်ဒိုနီးရှားမှ ကြေညာချက်ကြောင့် ဧပြီလအတွက် ကြိုရောင်းကြိုဝယ်ဈေးနှုန်းများသည် ဝယ်ဈေးနှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်လျှင် မလေးရှားရင်းဂစ် ၅၅၀၀ အထိ မြင့်တက်သွားခြင်း ဖြစ်ပါသည်။ မလေးရှားမှ စားအုန်းဆီထုတ်လုပ်မှု သည် ဇန်နဝါရီလတွင် ဒီဇင်ဘာလထက် ၁၀-၁၄ ရာခိုင်နှုန်း လျော့နည်းခဲ့သည်ဟု သိရပါသည်။

စိုက်ခင်းများတွင် လုပ်သားမရှိသည့်ပြဿနာသည် ဧပြီလအထိ ကြာရှည်နေဦးမည်ဟု ခန့်မှန်းထားသော်လည်း ရွှေ့ပြောင်းလုပ်သား များသည် ကိုဗစ်ရောဂါဖြစ်ပွားမှု ကျဆင်းလာသဖြင့် ဧပြီလထဲတွင်ပင် အများအပြား ပြန်လည်ဝင်ရောက်လာသဖြင့် မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုမှာ ၈ ရာခိုင်နှုန်းအထိပင် မြင့်တက်ခဲ့သည်ဟု သိရပါသည်။ ထို့ အပြင် ကိုဗစ်ရောဂါနှင့် ပတ်သက်သော ကျန်းမာရေး ဆိုင်ရာ ကန့်သတ်ချက်များကိုလည်း ဖြေလျှော့လာသဖြင့် ကုန်စည် ပြပွဲကြီးများကိုပင် ပြန်လည်ကျင်းပလာနေကြောင်း တွေ့ရှိရသဖြင့် မလေးရှား၏ ကုန်ထုတ်လုပ်မှုအသီးသီးသည် မြင့်တက်လာမည်ဟု ခန့်မှန်းရပါသည်။

ထို့အပြင် ကမ္ဘာ့စားအုန်းဆီတင်ပို့သော နိုင်ငံများကိုကြည့်လျှင် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်း၊ မလေးရှားမှာ ၂၆ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှာ ၄ ရာခိုင်နှုန်း၊ ကိုလံဘီယာ နိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့မှာ ၂ ရာခိုင်နှုန်းခန့်စီ ရှိကြပါသည်။ တင်သွင်းမှုအပိုင်းကို ကြည့်မည်ဆိုပါက ၂၀၁၈ ခုနှစ်တွင် ကမ္ဘာပေါ်၌ စားအုန်းဆီ (HS code 151190) တင်သွင်းသည့် နိုင်ငံများကို အများဆုံးမှ စတင်ပြောမည်ဆိုပါက တရုတ်နိုင်ငံသည် တင်သွင်းမှု အများဆုံးဖြစ်ပါသည်။ တင်သွင်းမှုတန်ဖိုးစုစုပေါင်း၏ ၃၀ ဒသမ ၃ ရာခိုင်နှုန်းကို တင်သွင်းသည်ဟု ဆိုပါသည်။ တန်ဖိုးအားဖြင့်ဆိုလျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၁ ဘီလီယံအထိ ရှိပါသည်။

ဒုတိယအများဆုံးမှာ ပါကစ္စတန်နိုင်ငံဖြစ်ကာ ၁ ဒသမ ၉၉ ဘီလီယံဖိုးတင်သွင်းပြီး တင်သွင်းမှုစုစုပေါင်း၏ ၁၄ ဒသမ ၆၆ ရာခိုင်နှုန်းအထိရှိသည်ဟုဆိုပါသည်။ တတိယနိုင်ငံမှာ အမေရိကန် ပြည်ထောင်စုဖြစ်ပြီး ၁ ဒသမ ၀၈ ဘီလီယံဖိုးတင်သွင်းကာ တင်သွင်း မှု စုစုပေါင်း၏ ၇ ဒသမ ၉၅ ရာခိုင်နှုန်းရှိပါသည်။ အဆင့် ၄ တွင် အီဂျစ်နိုင်ငံရှိပြီး ဒေါ်လာ ၇၃၁ ဒသမ ၀၇ သန်းဖိုးတင်သွင်းကာ တင်သွင်းမှုစုစုပေါင်း၏ ၅ ဒသမ ၃၉ ရာခိုင်နှုန်း ရှိသည်ဟုဆိုပါသည်။ အီတလီနိုင်ငံသည် အမေရိကန်ဒေါ်လာ ၆၅၉ ဒသမ ၈ သန်းဖိုး တင်သွင်းပြီး တင်သွင်းမှုစုစုပေါင်း၏ ၄ ဒသမ ၉ ရာခိုင်နှုန်း ရှိပါသည်။

မြန်မာနိုင်ငံသည် ဒေါ်လာ ၆၄၅ ဒသမ ၂၅ သန်းဖိုးတင်သွင်းပြီး တင်သွင်းမှုစုစုပေါင်း၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိပါသည်။ အဆင့် အနေဖြင့် (၆) တွင်ရှိပါသည်။ မြန်မာနိုင်ငံနောက်တွင် ဂျပန်၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီတို့ အဆင့်ဆင့်ရှိပါသည်။ အထက်ပါနိုင်ငံ များမှာ သန့်စင်ပြီး စားအုန်းဆီတင်သွင်းမှု အများဆုံးနိုင်ငံများဖြစ်ပါ သည်။ များသောအားဖြင့် အဆိုပါနိုင်ငံများသည် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ အများဆုံးတင်သွင်းကြပြီး မြန်မာနိုင်ငံကမူ အင်ဒိုနီးရှားနိုင်ငံမှ အများဆုံးတင်သွင်းသည်ကို တွေ့ရပါသည်။

*စာမျက်နှာ ၁၁ သို့*

# တန်ဖိုးထားအပ်သော ကမ္ဘာ့အလုပ်သမားနေ့

မျိုးမျိုးသွယ်

❖ မြန်မာနိုင်ငံသည် ၁၉၃၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ် မေ ၁ ရက်တွင် အလုပ်သမားနေ့ကို ကျင်းပခဲ့ကြသည်။ အလုပ်သမားနေ့ဖြစ်ပေါ်လာခဲ့သည့် ကမ္ဘာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် အခက်အခဲပေါင်းများစွာနှင့် တိုက်ပွဲအဆင့်ဆင့်ကို ဖြတ်ကျော်လာခဲ့ရသည်ကို တွေ့ကြရမည်ဖြစ်သည်။ အလုပ်သမားများစွာ၏ အသက်ပေါင်းများစွာဖြင့် ရင်း၍ရခဲ့သော နေ့တစ်နေ့ဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ပြီး ကမ္ဘာ့အလုပ်သမား လူတန်းစားများအတွက် အရေးပါသော၊ တန်ဖိုးမဖြတ်နိုင်သော နေ့တစ်နေ့ဖြစ်ခဲ့သည်

ကမ္ဘာ့အလုပ်သမားနေ့ (မေဒေး) သည် အလုပ်သမားထုကြီး၏ အသက်၊ သွေး၊ ချွေး များစွာ ပေးဆပ်ခဲ့ပြီးမှ ဖြစ်ပေါ်လာခဲ့ရသည့် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် မေ ၁ ရက်ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် အခမ်းအနားများ ကျင်းပလျက်ရှိသည့်နည်းတူ မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ် အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော မြန်မာအလုပ်သမားကြီးများအား ဂုဏ်ပြုကြသည့်အနေဖြင့် ကမ္ဘာ့အလုပ်သမားနေ့ကို ၁၉၃၈ ခုနှစ် မေ ၁ ရက်မှစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ကြသည်။

မေဒေးဟုခေါ်သော မေ ၁ ရက်သည် မြောက်ကမ္ဘာခြမ်းတွင် နွေဦးပွဲတော်နေ့ဖြစ်ပြီး အများပြည်သူ အားလပ်ရက်ဖြစ်ခဲ့သည်။ မေဒေးနေ့ကို ကျင်းပရာတွင် ကခုန်မှုများ၊ တေးသီချင်းသီဆိုမှုများနှင့် ကိတ်မုန့်များပါဝင်ခဲ့သည်။ ရှည်လျားအေးစက်ခဲ့သည့် ဆောင်းရာသီကိုနှုတ်ဆက်ကာ ပူနွေးသည့်ရာသီအစကို ပျော်ရွှင်စွာကြိုဆိုခြင်းဖြစ်သည်။ သို့သော် ၁၉ ရာစုနှောင်းပိုင်းတွင် ချီကာဂိုမြို့တွင်ဖြစ်ပွားခဲ့သည့် ဟေးမတ်ကတ်အရေးအခင်းကို ဂုဏ်ပြုသောအားဖြင့် ဆိုရှယ်လစ်များနှင့် ကွန်မြူနစ်များက မေ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အဖြစ် ရွေးချယ်ခဲ့ကြသည်။ အဆိုပါနိုင်ငံများတွင် ယင်းနေ့ကို မေဒေးဟုပင် ရည်ညွှန်းခေါ်ဆိုလေ့ရှိသည်။ သို့သော် ယခင်အစဉ်အလာအတိုင်းကျင်းပခဲ့သည့် မေဒေးနေ့နှင့် အနှစ်သာရချင်း ကွဲပြားခြားနားလှသည်။

**အားလပ်ရက်အဖြစ် သတ်မှတ်ရေးပထမဆုံးအဆိုတင်သွင်း**

၁၉ ရာစုနှောင်းပိုင်းတွင် ကုန်သွယ်ရေးယူနီယံနှင့် အလုပ်သမားလှုပ်ရှားမှုများ ကြီးထွားလာသည့်အခါ အဆိုပါကုန်သွယ်ရေးယူနီယံအဖွဲ့ဝင်နိုင်ငံများက အလုပ်သမားများအတွက် နေ့တစ်နေ့အဖြစ် နေ့အမျိုးမျိုးကို ရွေးချယ်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတွင် စက်တင်ဘာအားလပ်ရက် တစ်ရက်ကို အလုပ်သမားနေ့အဖြစ်ခေါ်ဆိုရန်အတွက် ၁၈၈၀ ပြည့်လွန်နှစ်များအတွင်း ပထမဆုံးအဆိုပြုခဲ့သည်။ ၁၈၈၂ ခုနှစ်တွင် စက်ပြင်ဆရာတစ်ဦးဖြစ်သော မက်သရူးမက်ဂွိုင်းယားက နယူးယောက်မြို့၏ ဗဟိုအလုပ်သမားယူနီယံ (CLU) ၏ အတွင်းရေးမှူးအဖြစ် ထမ်းဆောင်စဉ်အတွင်း အလုပ်သမားနေ့ တစ်နေ့ကို အားလပ်ရက်အဖြစ် သတ်မှတ်ရေးအတွက် ပထမဆုံးအဆိုတင်သွင်းခဲ့သည်။ အချို့ကလည်း ယင်းကဲ့သို့ ပထမဆုံးအဆိုတင်သွင်းသူမှာ အမေရိကန်အလုပ်သမား ဖက်ဒရေးရှင်းမှ ပီတာဂျေမက်ဂွိုင်းယား ဖြစ်ပြီး ၁၈၈၂ ခုနှစ် မေလတွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင်ကျင်းပသည့် နှစ်ပတ်လည် အလုပ်သမားပွဲတော်သို့ တက်ရောက်ပြီးနောက် တင်သွင်းခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ၁၈၈၇ ခုနှစ်တွင် အော်ရီဂွန်ပြည်နယ်သည် အလုပ်သမားနေ့ကို တရားဝင်အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်သော အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးပြည်နယ်ဖြစ်လာသည်။ ၁၈၉၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်ပေါင်း ၃၀ က အလုပ်သမားနေ့ကို တရားဝင်ကျင်းပလာသည်။ သို့သော် မြောက်အမေရိကတိုက်၌ ၁၈၈၇ ခုနှစ်အထိ အလုပ်သမားနေ့အဖြစ် သတ်မှတ်ထားသောရက်မှာ စက်တင်ဘာလအတွင်း ဖြစ်သည်။

မေ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဟု သတ်မှတ်ခြင်းမှာ ၁၈၈၆ ခုနှစ် မေ ၄ ရက်တွင် ဖြစ်ပွားခဲ့သော ချီကာဂိုမြို့မှ ဟေးမတ်ကတ်အရေးအခင်းကို ဂုဏ်ပြုရန်ဖြစ် သည်။ အမှန်တကယ်၌ မေဒေးခေါ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို သိရှိကာ မိမိတို့အခွင့်အရေးအတွက် မိမိတို့ကိုယ်တိုင် တောင်းဆိုတိုက်ပွဲဝင်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့အတူ အလုပ်သမားတို့၏အခွင့်အရေးကို ကာကွယ်ပေးရန်အတွက် အလုပ်သမားသမဂ္ဂများလည်း ကမ္ဘာအနှံ့အပြား၌ ပေါ်ထွန်းလာခဲ့ရသည်။ ၁၈၈၉ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်တို့၏ ဒုတိယညီလာခံတွင် မေ ၁ ရက်ကို ကမ္ဘာ့အလုပ်သမားနေ့ဟု သတ်မှတ်ပေးခဲ့ကြပြီး ၁၈၉၀ ပြည့်နှစ် မေ ၁ ရက်မှစတင်ပြီး ကမ္ဘာတစ်ဝန်းမှာ အလုပ်သမားနေ့ အထိမ်းအမှတ်ပွဲများ ပထမဆုံးကျင်းပခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ၁၉၁၆-၁၉၁၇ ခုနှစ်တွင် ရေနံချောင်း ဘီအိုစီ ရေနံတွင်းသပိတ်၊ ၁၉၁၈-၁၉၁၉ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီ စာရေး ၂၀၀ ခန့်က ရှောင်တခင်ခွင့်နှင့် လုပ်သက်ခွင့်ရရေးအတွက် သပိတ်မှောက်ခဲ့ကြသည်။ ၁၉၂၁-၁၉၂၃ ခုနှစ်အထိနှင့် ၁၉၂၄-၁၉၂၅ ခုနှစ်အထိ၊ ထို့နောက် ၁၉၂၆ ခုနှစ်အထိကို အကြိမ်ကြိမ် ဆက်တိုက်သပိတ်မှောက်ခဲ့ကြပြီး ၁၉၃၉ ခုနှစ်၊ ၁၃၀၀ ပြည့် အရေးတော်ပုံသပိတ်သည် အလုပ်သမားတို့အတွက် အအောင်မြင်ဆုံး သပိတ်ဖြစ်လာခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ဖဆပလ အစိုးရ နှစ်ခြမ်းကွဲသွားသောကြောင့် အလုပ်သမားအစည်းအရုံး နှစ်ခြမ်းကွဲသွားခဲ့သည်။ ၁၉၆၂ ခုနှစ် မတ် ၂ ရက်တွင် တော်လှန်ရေးကောင်စီတက်လာပြီး အလုပ်သမားရေးရာများကို အထူးကိုင်တွယ်ဖြေရှင်းခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပြည်သူ့အလုပ်သမားကောင်စီကို ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံတွင် အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲရန်အတွက် အလုပ်သမားများ အပြင်းအထန် ဆောင်ရွက်ခဲ့ကြပုံ၊ အလုပ်သမားအခွင့်အရေးရရန်၊ လုပ်အားနှင့်ညီမျှသည့် လုပ်ခရရန်နှင့် ဝန်နှင့်အားမျှတသည့်အလုပ်များ လုပ်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းခဲ့ကြပုံကို နှောင်းခေတ်လူငယ်များသိရှိပြီး တန်ဖိုးထားတတ်ဖို့လိုသည်။

**အသက်ပေါင်းများစွာဖြင့် ရင်း၍ရခဲ့သော နေ့တစ်နေ့**

ယခုအချိန်တွင် ကမ္ဘာ့အလုပ်သမားနေ့ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းများစွာတွင် အများပြည်သူ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင် ၁၉၃၈ ခုနှစ်မှ စတင်ပြီး အလုပ်သမားနေ့ (မေဒေး)ကို ကျင်းပနိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံကို လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုလာသည့်အခါတွင် မေဒေးနေ့ကို ရုံးပိတ်ရက်အဖြစ် ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်၊ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာကာ မြန်မာနိုင်ငံသည် ၁၉၃၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ် မေ ၁ ရက်တွင် အလုပ်သမားနေ့ကို ကျင်းပခဲ့ကြသည်။ အလုပ်သမားနေ့ဖြစ်ပေါ်လာခဲ့သည့် ကမ္ဘာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် အခက်အခဲပေါင်းများစွာနှင့် တိုက်ပွဲအဆင့်ဆင့်ကို ဖြတ်ကျော်လာခဲ့ရသည်ကို တွေ့ကြရမည်ဖြစ်သည်။ အလုပ်သမားများစွာ၏ အသက်ပေါင်းများစွာဖြင့် ရင်း၍ရခဲ့သော နေ့တစ်နေ့ဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ပြီး ကမ္ဘာ့အလုပ်သမား လူတန်းစားများအတွက် အရေးပါသော၊ တန်ဖိုးမဖြတ်နိုင်သော နေ့တစ်နေ့ဖြစ်ခဲ့သည်။

အလုပ်သမားဟူသည် မိမိအသက်မွေးမှုအတွက် ကာယအား၊ ဉာဏအားကိုအသုံးပြု၍ အလုပ်လုပ်သူဟူ၍ မြန်မာအဘိဓာန်က ဆိုထားသည်။ အလုပ်လုပ်ရာတွင်လည်း မိမိအသက်မွေးမှုအတွက် မိမိအလုပ်ကို ကိုယ်တိုင်လုပ်ခြင်းနှင့် သူတစ်ပါး၏အလုပ်ကို လုပ်အားခယူ၍ လုပ်ခြင်းဟူ၍ အလုပ်နှစ်မျိုး ရှိသည်။ မည်သို့ပင်ဖြစ်စေ ကာယ၊ ဉာဏ အလုပ်သမားများသည် မိမိတို့ဘဝရပ်တည် ရှင်သန်ရေးအတွက် ကာယအား၊ ဉာဏအားများကိုရင်းကာ ဓွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် လုပ်ငန်းရှင်တို့အား လုပ်အားကို ပေးဆပ်နေကြသူများဖြစ်သည်ဟု ဆိုနိုင်သည်။ ဤကမ္ဘာပေါ်ရှိ လူသားအလုပ်သမားများကို အမျိုးအစားခွဲခြားကြည့်လျှင် ကာယအလုပ်သမားနှင့် ဉာဏအလုပ်သမားဟူ၍ နှစ်မျိုးနှစ်စားခွဲခြား တွေ့နိုင်မည်ဖြစ်သည်။

"ဘဝကို အလုပ်ဖြင့် တည်ဆောက်ရမည်"၊ "အလုပ်မရှိက ဘဝမရှိနိုင်" ဟူသော စာသားများကို အလုပ်ရုံ၊ စက်ရုံများ၊ ခရီးသည်တင်ယာဉ်များ၏ အတွင်းဘက်နံရံများတွင် တွေ့ရတတ်သည်။ လူ့လောကကြီးသည် အလုပ်များစွာကိုအခြေခံပြီး သက်ဝင်လှုပ်ရှားနေခြင်းဖြစ်သည်။ လူတစ်ယောက်အတွက် အနည်းဆုံး အလုပ်အကိုင်တစ်ခုတော့ ရှိရမည်ဖြစ်သည်။ အလုပ်ရှိမှသာ ထိုသူ၏ဘဝတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်ပြီး ထိုသူ၏ ဘဝရပ်တည်ရေးအတွက် အဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် လူသားနှင့် အလုပ်အကိုင်၊ အလုပ်အကိုင်နှင့် လူသားသည် ယှဉ်တွဲ၍နေရမည်သာဖြစ်သည်။

ရှေးနှစ်များစွာက အလုပ်သမားဟူသော ပစ္စည်းမဲ့ လူတန်းစားများကို ဖိနှိပ်ချုပ်ချယ်ခဲ့သည့် အရင်းရှင်စနစ်ကို တော်လှန်ခဲ့ပြီး အလုပ်သမားများ၏ ဘဝသစ်တည်ဆောက်ရန် သွေးစည်းညီညွတ်စွာ တိုက်ပွဲဝင်ခဲ့သည့်အတွက် ယနေ့အချိန်တွင် တန်းတူညီမျှအခွင့်အရေး ရခဲ့ကြသည်မှာ ရာစုနှစ်တိုင် ကျော်လွန်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခြေခံလူတန်းစားဟူ၍ရှိသည်။ နိုင်ငံတစ်နိုင်ငံ ရှင်သန်ရပ်တည်ရေးအတွက် အရေးပါသောလူတန်းစားကို ဆိုလိုခြင်းဖြစ်သည်။ စက်မှုထွန်းကားသောနိုင်ငံက အလုပ်သမားလူတန်းစားကို အခြေခံရသည်။ စိုက်ပျိုးရေးအားပြုသော နိုင်ငံက လယ်သမားလူတန်းစားကို အခြေခံရသည်။ မည်သို့ပင်ဆိုစေ လူတို့၏ စားဝတ်နေရေးတည်းဟူသော အခြေခံကျသည့် စီးပွားရေးဖန်တီးရာ၌ ယင်းလူတန်းစားနှစ်ရပ်လုံးသည် အရေးပါပေသည်။ ထို့ကြောင့် အလုပ်သမားနှင့်လယ်သမား ဤလူတန်းစားနှစ်ရပ်သည် အပြန်အလှန် အကျိုးပြုနေကြသည်။

ယခုအခါ နိုင်ငံတော်၏ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏လုပ်အားကို တန်ဖိုးထားဖော်ထုတ်လျက်ရှိသည်။ အလုပ်သမားများကိုလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေး၊ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရရှိရေးအတွက် အားပေးလျက်ရှိသည်။ အလုပ်သမားတို့အတွက် ရပိုင်ခွင့်နှင့်တာဝန်သည် ယနေ့ခေတ်တွင် ကွဲကွဲပြားပြား ထင်ရှားပေါ်လွင်လာပြီဖြစ်သည်။

**အလုပ်သမားများ၏ အခန်းကဏ္ဍကို အလေးပေးဆောင်ရွက်**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကျရောက်မှုနှင့်အတူ မြန်မာနိုင်ငံသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ကဏ္ဍပေါင်းစုံတွင် လူမှုစီးပွားဘဝ ထိခိုက်နစ်နာခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့သည်။ ထိုသို့သော အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုပေါင်းစုံကြားမှ နိုင်ငံတော်အစိုးရ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) က နိုင်ငံသားအလုပ်သမားများ အကျိုးစီးပွားနှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေခဲ့ရာတွင် နိုင်ငံတော်အစိုးရသည် အလုပ်သမားများ၏ အခန်းကဏ္ဍကို အစဉ်တစိုက် အလေးပေးဆောင်ရွက်ခဲ့သည့်အားလျော်စွာ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် စက်ရုံ၊ အလုပ်ရုံပိတ်ထားရသည့် လုပ်ငန်းရှင်များ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရေးနှင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အလုပ်သမားများ အလုပ်ပြန်လည်ရရှိရေးတို့အတွက် ချေးငွေများထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့သည်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ အကျိုးဝင်အလုပ်ဌာန ၃၆,၆၇၀ နှင့် အာမခံအလုပ်သမား ၁,၂၄၈,၃၅၄ ဦး မှတ်ပုံတင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ အကျိုးခံစားခွင့်အမှုတွဲပေါင်း ၁,၄၁၀,၁၉၄ အတွက်ခွင့်ပြုငွေကျပ်သန်းပေါင်း ၆၉၁၀၉ ဒသမ ၅၈ အားထုတ်ပေးခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် ကိုဗစ်-၁၉ကာလ၌ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရေး ကျွမ်းကျင်မှု ပူးပေါင်းရေးအဖွဲ့များက စစ်ဆေးစဉ် ကာလအတွင်း ယာယီပိတ်ထား သည့် စက်ရုံ၊ အလုပ်ရုံများရှိ အာမခံအလုပ်သမားများအား ကိုဗစ်-၁၉ ကာလအတွင်း လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင် နှုန်းကို အာမခံ အလုပ်သမား ၁,၅၈၃,၅၃၃ ဦးအတွက် ငွေကျပ် သန်းပေါင်း ၆၇,၉၁၂ ဒသမ ၄၆၇ ထုတ်ပေးနိုင်ခဲ့သည်။

ထို့အပြင် မီးလောင်ဆုံးရှုံးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအတွက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံ ရေး ထောက်ပံ့ငွေဖြင့်လည်းကောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံများမှ အလုပ်လက်မဲ့ ဖြစ်သွားသော အလုပ်သမားများကို ၎င်းတို့နှင့်ကိုက်ညီ သည့်အလုပ်အကိုင်များ ပြန်လည်ရရှိစေရေး အလုပ်သမားဝန်ကြီး ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

**အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကျင်းပပေး**

လုပ်သားအင်အား အခြေပြုဆောင်ရွက်ရသည့် အထည်ချုပ် လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင် ရေးနှင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းတို့ဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာ လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် နိုင်ငံတစ်ဝန်း အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသောဒေသများတွင် Mobile Team (ရွေ့လျားအဖွဲ့) ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်ရှာဖွေသည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား တစ်နေရာ တည်း၊ တစ်ချိန်တည်းမှာပင် အချိန်ကုန်၊ ငွေကုန်သက်သာရန် One Stop Service ဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတကာခရီးစဉ်များ ယာယီ ရပ်ဆိုင်းထားသောကြောင့် နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိပြီး အခက်အခဲနှင့် ဒုက္ခမျိုးစုံကြုံတွေ့နေကြရသည့် မြန်မာ အလုပ်သမားများနှင့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက် ခဲ့ရာ ၂၀၂၁ ခုနှစ် ဧပြီလအထိ မလေးရှားနိုင်ငံတွင် အကြောင်း အမျိုးမျိုးကြောင့် အထောက်အထားမဲ့ဖြစ်၍ ပြစ်ဒဏ်ကျခံပြီး ထိန်းသိမ်းရေးစခန်းများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား ၁,၀၈၆ ဦးနှင့် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား ၇၀ တို့ကို တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။

အလားတူ ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့ပြီး ပြန်မလာနိုင်ဖြစ်နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေး လေယာဉ် (Relief Flight) များဖြင့် ပြန်လည်ခေါ်ယူလျက်ရှိပြီး နယ်စပ် ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသူများလည်းရှိသည်။ ထိုသို့ ပြန်လည်ရောက်ရှိလာသော မိမိတို့နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးကာကွယ်ရေးနှင့် နေရပ်အသီးသီးသို့ အဆင်ပြေ ချောမွေ့စွာပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံတွင် အလုပ်အကိုင်ရရှိရေးနှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၁)ကို ရေးဆွဲကာ အဓမ္မခိုင်းစေမှုဆိုင်ရာ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားထူထောင်၍ တိုင်ကြားချက်များကို ဖြေရှင်း ဆောင်ရွက်လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီ များမှတစ်ဆင့် စေလွှတ်လျက်ရှိရာ ၁၉၉၀ ပြည့်နှစ်မှစပြီး စေလွှတ် နိုင်ခဲ့သည်။ သက်ဆိုင်ရာ နိုင်ငံများ၏ ဥပဒေနှင့်အညီ မြန်မာအလုပ်သမား များ ရပိုင်ခွင့်များရရှိနိုင်ရေးအတွက်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ထားရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

အလုပ်ရှင်၊ အလုပ်သမားများအား မျှတသောလုပ်ငန်းခွင် ဆက်ဆံ ရေးစနစ် ကောင်းမွန်စွာကျင့်သုံးတတ်စေရန်၊ ခေါင်းဆောင်မှု၊ ကြီးကြပ် မှု၊ အလုပ်သမားရေးရာဥပဒေနှင့်မူဝါဒများ သိရှိစေရန်ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အလုပ်ရှင် များနှင့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားများနှင့် အလုပ်သမား အဖွဲ့အစည်းများအား အလုပ်သမားရေးရာအသိပညာပေး ဆွေးနွေးပွဲ များပြုလုပ်ကာ ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ်-၈၇ ကို လက်ခံကျင့်သုံးထားသည်နှင့်အညီ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့ အစည်း ဥပဒေအရ အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၃,၀၀၀ ကျော်အဖွဲ့ကို ဖွဲ့စည်းထားရှိပြီး အလုပ်သမားရေးရာကိစ္စများကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများ သုံးပွင့်ဆိုင်ပူးပေါင်းဆောင် ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏အာဏာ အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှဲပြောင်း တာဝန်ယူပြီးနောက်ပိုင်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်( ၅ ) ရပ်တွင်ပါဝင်သည့် ကိုဗစ်-၁၉ ကပ် ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင် သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားနိုင်ရေးအတွက် နိုင်ငံတော် အစိုးရ၊ အလုပ်သမားစွမ်းအားစုကြီး၊ အသိပညာရှင် အတတ်ပညာရှင် ပြည်သူများအားလုံးတို့၏ ပူးပေါင်းပါဝင်မှု၊ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စီးပွားရေးဆိုင်ရာဦးတည်ချက်များဖြစ်သည့် ဈေးကွက် စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်နိုင်ရေး၊ နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးတို့တွင် အလုပ်သမားစွမ်းအားစုကြီး၏ အကောင် အထည်ဖော်နိုင်မှုအပေါ် များစွာမူတည်နေကြောင်း တွေ့ရှိရမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နှစ်ဦးနှစ်ဖက် မျှတသည့် အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရရှိစေရန် ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အာဆီယံ ဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အာဆီယံ စီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံပါ ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာမှုအစီအစဉ်အရ အလုပ်သမား ဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်၍ နိုင်ငံတွင်းသာမက အာဆီယံဒေသတွင်းရှိ အလုပ်သမားများနှင့်ပါ ယှဉ်ပြိုင်ရမည့်အပြင် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်း ဝင်ရောက်လာပါက သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုများ တိုးတက်နေစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လက်တွဲကြိုးပမ်းဆောင်ရွက်**

ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန် ခွန်စိုက်ကြိုးစားရမည့်အချိန်ဖြစ်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး အမြန်ဆုံး ပြန်လည်ခိုင်မာအားကောင်း လာနိုင်မည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက် မြင့်မားလာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်းတိုးတက်လာကာ တည်ငြိမ်အေးချမ်းသည့် ဝန်းကျင် တစ်ခုဖြစ်ထွန်းလာစေရေး အလုပ်ရှင်နှင့်အလုပ်သမား အပြန်အလှန် နားလည်မှုရှိရှိဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အလုပ်သမားနေ့သည် လုပ်အားတန်ဖိုးကို မြှင့်တင်ပေးသောနေ့၊ တရားမျှတမှုအတွက် တော်လှန်ရုန်းကန်မှုများ ပေါ်ပေါက်အောင် တပ်လှန့်ခဲ့သောနေ့ဖြစ်သည်။ ထို့ကြောင့် မေဒေး သို့မဟုတ် အလုပ် သမားနေ့ကို အလုပ်လုပ်သောပြည်သူတိုင်းက ထာဝစဉ်တန်ဖိုးထား ကြရမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိက အရေးပါသည့် အင်အားစုကြီးတစ်ခုဖြစ်သော အလုပ်သမားများသည် နိုင်ငံတော် အစိုးရက တစိုက်မတ်မတ် ဦးတည်ချက်ထား အကောင် အထည်ဖော်ဆောင်ရွက်နေမှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အားဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည် ဖြစ်သည်။

ထို့အပြင် အလုပ်ရှင်များကလည်း အလုပ်သမားများ၏ လုပ်အား များကြောင့် မိမိတို့ဘဝတိုးတက်ကြီးပွားလာရသည်ကို သတိပြုကာ အလုပ်သမားတို့အပေါ်တွင် စာနာစိတ်များဖြင့် ထိုက်တန်သော လုပ်အားခများကို ပေးကမ်းခြင်းနှင့် မိသားစုစိတ်ဓာတ်မွေးကာ အလုပ်သမားတို့၏ ကျန်းမာရေး၊ စားဝတ်နေရေးနှင့်ပတ်သက်၍ ဖြည့်ဆည်းချီးမြှောက်ခြင်းများကို ပြုသင့်ကြပြီး နှစ်စဉ် မေလ (၁) ရက် နေ့တွင် ကျရောက်သော ကမ္ဘာ့အလုပ်သမားနေ့ကိုလည်း အလေး ဂရုပြုကာ ပါဝင်ဆင်နွှဲလျက် အလုပ်သမားတို့၏ ဂုဏ်ရည်နှင့် ကြိုးစား အားထုတ်မှုများကို အမှတ်တရဂုဏ်ပြုသင့်ပါကြောင်း တိုက်တွန်း အပ်သည်။ ။

*စာမျက်နှာ ၉ မှ*

အင်ဒိုနီးရှားနိုင်ငံ၏ တင်ပို့မှုကန့်သတ်ချက်တွင် မြန်မာနိုင်ငံမှ တင်သွင်းသည့် သန့်စင်ပြီး စားအုန်းဆီပါဝင်နေသဖြင့် မြန်မာ့တင်သွင်း သူများသည် အခြားနိုင်ငံများမှတင်သွင်းရန် စီစဉ်ခြင်းများဆောင်ရွက် ရမည်ဖြစ်ပါသည်။ အထူးသဖြင့် မလေးရှားနှင့် အိမ်နီးချင်းနိုင်ငံဖြစ် သော ထိုင်းနိုင်ငံတို့မှ တင်သွင်းရေးဆောင်ရွက်သင့်သည်ဟု ထင်မြင်မိ ပါသည်။ နိုင်ဂျီးရီးယားနိုင်ငံကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့အပြင် အခြားသော နေကြာဆီ၊ ပဲပုပ်ဆီ၊ ကင်နိုလာဆီ စသည် များကို ပိုမိုတင်သွင်းခြင်းလည်း ဆောင်ရွက်နိုင်ပါသည်။

**ပြည်တွင်းစားအုန်းဆီဈေးကွက်**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက် စနေနေ့တွင် ရန်ကုန်မြို့၏ စားအုန်းဆီပေါက်ဈေးမှာ တစ်ပိဿာလျှင် မြို့တွင်းနှင့် သီလဝါ ကန်တင်ဈေးများမှာ ကျပ် ၄၉၅၀ ဖြစ်ပါသည်။ စားအုန်းဆီဈေးနှုန်း များသည် နိုင်ငံခြားဈေးနှုန်းနှင့် သယ်ယူပို့ဆောင်ခများ ကြီးမြင့်ခြင်း အပေါ်အခြေခံပြီး ပြည်တွင်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀ နီးနီးသို့ နောက်ပိုင်းတွင် ရောက်ရှိလာခဲ့ပါသည်။ စားအုန်းဆီဈေးသည် ဧပြီလအတွင်းတွင် ဆက်လက်မြင့်တက်လာ သော်လည်း ၂၅-၄-၂၀၂၂ တွင် ကန်ထုတ်ဈေးမှာ ကျပ် ၅၆၂၀ ဖြစ် သည်ကို တွေ့ရပါသည်။

ဧပြီလအတွင်းတွင် စားအုန်းဆီဝင်ရောက်မှုမှာ ပုံမှန်အတိုင်းသာ ဖြစ်ပြီး စားသုံးဆီကုမ္ပဏီများရှိ ဆီလက်ကျန်များမှာ မေလကုန် အထိပင်လောက်သော အခြေအနေရှိသည်ဟု သိရပါသည်။ စားအုန်းဆီကို ဈေးနည်းသဖြင့်သာ စားသုံးနေကြသော်လည်း မြန်မာတို့၏စိတ်ရင်းမှာ မြေပဲဆီစားလိုစိတ်သာများသဖြင့် ယခုကဲ့သို့ စားအုန်းဆီဈေးများ မြင့်တက်လာချိန်တွင် မြေပဲဆီအပါအဝင် ပြည်တွင်းထုတ် စားသုံးဆီများကို ပိုမိုစားသုံးနိုင်ရေး ပြည်တွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများ၊ ဆီစက်ပိုင်ရှင်ကြီးများ၊ ဆီလုပ်ငန်းရှင်ကြီးများက ပူးပေါင်းပြီး အလျင်အမြန်ထုတ်လုပ်သင့် ပါသည်။ မြန်မာနိုင်ငံအတွက် အားသာချက်တစ်ခုမှာ ပြည်တွင်းတွင် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ပြီး မြေပဲဆီ၊ နှမ်းဆီစသော Virgin oil ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆီစက်များလည်းရှိသဖြင့် ပြည်တွင်းလိုအပ်ချက်ကို အဆိုပါ မြေပဲဆီ၊ နှမ်းဆီများမှလည်း ကောင်းစွာဖြည့်ဆည်းနိုင်မည့် အလားအလာရှိပါသည်။ အင်ဒိုနီးရှား နိုင်ငံ၏ စားအုန်းဆီတင်ပို့မှုကန့်သတ်ခြင်းသည် မြန်မာ့စားသုံးဆီ လိုအပ်ချက်ကို ထိခိုက်ဖွယ်ရာမရှိဟု ယူဆရပါသည်။

ထို့အပြင် နေကြာကို အများအပြား စိုက်ပျိုးထုတ်လုပ်ရန် စီစဉ် ဆောင်ရွက်လျက်ရှိသဖြင့် ပြည်ပမှတင်သွင်းရသည့် စားသုံးဆီများကို ပြည်တွင်းမှစားသုံးဆီများဖြင့် အစားထိုးပြီး စားသုံးရေးကို ယခုကဲ့သို့ ပြည်တွင်းထုတ်ဆီနှင့် ပြည်ပတင်သွင်းဆီများ ဈေးအဆများစွာ ကွာခြားခြင်းလည်းမရှိချိန်တွင် ပြည်တွင်းမှ ဆီထုတ်လုပ်မှုများကို အလေးထားပြီး အမြောက်အမြား ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းခြင်းများကို အထူးဂရုပြုရန် လိုအပ်မည်မထင်ပါ။


ထို့အပြင် စားအုန်းဆီဈေးများ မြင့်တက်မှုကို အကောင်းအမြင် (Optimism)၊ ကျန်းမာရေးအမြင်ရှုထောင့်တို့ဖြင့် ကြည့်မည်ဆိုပါက ဆီလျှော့စားသုံးခြင်းဖြင့် မိသားစုထွက်ငွေကို လျှော့ချနိုင်မည်ဖြစ်ပါ သည်။ ယခင်က လူတစ်ဦးလျှင် တစ်နေ့ဆီ သုံးကျပ်သားခန့်စားသည်ကို ယခု တစ်ကျပ်သားနှင့်အောက်သာ စားမည်ဆိုပါက မိသားစု ကုန်ကျစရိတ်ကို ထိန်းနိုင်သကဲ့သို့ မိသားစုကျန်းမာရေးအတွက်လည်း များစွာ အထောက်အကူဖြစ်နိုင်ပါသည်။ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှု မြင့်တက်လာသည်ဆိုပါက စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်မည်ဆိုပါက နိုင်ငံ၏စားသုံးဆီတင်သွင်းရန်အတွက် နိုင်ငံခြားငွေလိုအပ်ချက်ကို လည်း လျှော့ချနိုင်မည်သာ ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်ပို့မှု ကန့်သတ်ချက်ဖြစ်ပေါ် သည်ကို အခွင့်ကောင်းယူပြီး ဈေးကစားခြင်းများ မဆောင်ရွက်ရန် လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အရေးကြီး ကုန်စည်ဥပဒေဖြင့် စားသုံးဆီသိုလှောင်ရောင်းဝယ်သူ များနှင့်စားသုံးဆီလုပ်ငန်းရှင်များကို သတိပေးထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်သူများ အနေဖြင့် ယခုကာလအတွင်း စားဆီများကို အလျင်အမြန်နှင့် ကောင်းကောင်းထုတ်ပေးပါ။ ဆီလုပ်ငန်းရှင်ကြီးများအနေဖြင့် စားသုံးသူများအကျိုးအတွက် ဈေးကစားခြင်းမပြုပါရန်နှင့် စားသုံးသူ များအနေနှင့်လည်း မလိုအပ်ဘဲ ဈေးကြီးပေးဝယ်ခြင်း၊ သင့်တော်သည့် ပမာဏထက် ပိုမိုဝယ်ယူခြင်း၊ ပြည်ပမှတင်သွင်းဆီထက် ပြည်တွင်း ထုတ်စားသုံးဆီများကို ပိုမိုအားပေးခြင်းများ ပြုလုပ်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်ခင်ဗျာ။ ။

* ကျောဖုံးမှ

"ရတနာတိုး" ယာဉ်လိုင်းမှ ယာဉ်အမှတ် YGN–1Q/7611 ခရီးသည်တင် မှန်လုံယာဉ်သည် ရန်ကုန်မှ ထားဝယ်သို့ ထွက်ခွာလာစဉ် ပုလောမြို့နယ်သစ်လှတောကျေးရွာအနီးအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ယာဉ်အား မိုင်းဆွဲတိုက်ခိုက်ကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်နေ ဦးနေမင်းထွန်း(၄၂ နှစ်)တွင် သေနတ်ထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဒေါ်ဝင်းဝင်းမော် (၅၂ နှစ်)၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နေ ဦးသက်ဇော်ဦး (၄၈ နှစ်)၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပျံရေကျော်ကျေးရွာနေ ဦးဇာနည်နိုင် (၃၀ နှစ်)၊ ပန်းတနော်မြို့နယ် ကျုံတစ်ချောင်း ကျေးရွာနေ ဦးအောင်အောင်ထက် (၂၈ နှစ်)၊

ရန်ကုန်-မြိတ် ခရီးသည်တင် မော်တော်ယာဉ်နှစ်စီးအား ပုလောမြို့နယ် သစ်လှတောကျေးရွာအနီး မိုင်းထောင်ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုမြေပုံ





တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာနေ ဒေါ်မီသူလွင်(၃၂ နှစ်)၊ ပုလောမြို့နယ် လက္ကျူးကျေးရွာနေ ဦးမြင့်စိုး (၃၇ နှစ်)၊ ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျောက်မြောင်းကျေးရွာနေ ကိုအောင်လင်းထွေး (၁၉ နှစ်)၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာနေ ဒေါ်စန်းစန်းမော်(၃၁ နှစ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မိချို (၅၆ နှစ်) (ဘ) ဦးဘိုနီ၊ ကွမ်းခြံကုန်းမြို့နယ်နေ ဦးရဲတင့်(၄၈ နှစ်)နှင့် ယာဉ်မောင်းဦးတေဇာအောင်တို့တွင် သေနတ်ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အလားတူ အဆိုပါအကြမ်းဖက်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၅၀ တွင် အထက်ပါ အခင်းဖြစ်ပွားခဲ့သည့်နေရာတွင် ယာဉ်မောင်း ဦးဇော်မင်းဦး(၄၂ နှစ်) မောင်းနှင်ပြီး ရန်ကုန်မှ ထားဝယ်သို့ ထွက်ခွာလာသည့် "ရွှေလီရတနာ" ယာဉ်လိုင်းမှ ယာဉ်အမှတ် (စိစစ်ဆဲ) ခရီးသည်တင်ယာဉ်အား ထပ်မံ၍ မိုင်းဆွဲတိုက်ခိုက်ကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နေ ဦးဘိုဘိုဇော်(၂၉ နှစ်)နှင့် ပုလောမြို့နယ် လက္ကျူးကျေးရွာနေ ဦးသန်းစိုး (၄၁နှစ်) တို့တွင် သေနတ်ထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နေ ဦးထင်အောင်(၃၇ နှစ်)၊ မထွေးထွေးမာ(၃၄ နှစ်)၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းဝင်း(၃၉ နှစ်)၊ ဦးသန်းဌေးအောင်(၄၇ နှစ်)၊ ဦးကြည်သန်း (၄၉ နှစ်)၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်နေ ဦးရဲထိုက်အောင် (၂၁ နှစ်)၊ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာနေ ဦးဝင်းကြည်(၇၄ နှစ်)၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်နေ ဦးဇော်မင်းလေး(၃၁ နှစ်)၊ ဦးအောင်ကျော်သန်း (၄၅ နှစ်)၊ ဦးမိုးကျော်ဟိန်း(၃၃နှစ်)၊ ဦးနေဝင်း(၃၅ နှစ်)၊ ဦးမောင်သိန်းနု (၄၅ နှစ်)၊ ဦးမောင်သိန်းလှိုင်(၂၇နှစ်)၊ အမ်းမြို့နယ်နေ ဦးဇော်ဇော်ဝင်း(၃၂ နှစ်)၊ ဦးစံရှားအောင် (၄၂ နှစ်)၊ မြောက်ဦးမြို့နယ်နေ ကိုနိုင်နိုင် (၂၃ နှစ်)နှင့် ယာဉ်မောင်း ဦးဇော်မင်းဦးတို့တွင် သေနတ်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ သေဆုံး/ဒဏ်ရာ ရရှိသူများအား ပုလောမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် ခရီးသည်တင်ယာဉ်များအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ကာ အပြစ်မဲ့ခရီးသွားပြည်သူများကို သေဆုံး/ဒဏ်ရာများ ရရှိစေသူ အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေး နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင်သစ်မျိုးစုံ၊ ရွှေကျင်လုပ်ငန်းသုံးပစ္စည်းများနှင့် စက်လှေယာဉ်များ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်အတွင်း ရွှေကျင်ရာတွင် အသုံးပြုသည့် တရားမဝင် ကျောက်စုပ်မော်တော်ယာဉ် ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅,၀၀၀,၀၀၀) ကို ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေအရ လည်းကောင်း၊ သံခွန်စက်လှေ လေးစင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀,၀၀၀,၀၀၀) နှင့် ကုန်တင်စက်လှေ တစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁,၅၀၀,၀၀၀)ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၆,၅၀၀,၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အဝတ်အထည်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅,၇၀၀,၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID) နှင့် ကိုက်ညီမှုမရှိသော ကြွေထည်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈,၇၁၁,၀၀၀)ကို လည်းကောင်း၊ MIPL ဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ပြီး တစ်နှစ်ကျော်လွန်သည်အထိ လာရောက်ထုတ်ယူခြင်းမရှိသော မော်တော်ယာဉ် ၂၇ စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၆,၅၀၀,၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၀,၉၁၁,၀၀၀) ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် တစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော Lipovitan–D တံဆိပ် အချိုရည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၀၀၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၅ ဒသမ ၅၁၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၂၄၀,၄၅၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောင်းဦးမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်း လိုင်စင်မဲ့ New Buddy CZI 125 အမျိုးအစား ဆိုင်ကယ် တစ်စီးနှင့် Kenbo 125 အမျိုးအစား ဆိုင်ကယ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၅,၈၅၁,၄၅၄ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ယူကရိန်းသမ္မတနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ မာရီပူး၌ ပိတ်မိနေသော ပြည်သူများကို ကယ်ဆယ်ရန် ဆွေးနွေး

ကီယက်ဗ် မေ ၂၉

**ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် မာရီပူးမြို့၌ ပိတ်မိနေသော ပြည်သူများကို ကယ်ဆယ်ရန် မေ ၂၈ ရက်က ဆွေးနွေးခဲ့ကြောင်း သမ္မတ သတင်းထုတ်ပြန်ရေးက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။**

ယူကရိန်းသည် မာရီပူးမှ ပြည်သူများကို ကယ်ဆယ်ရန် အရေးပေါ်ဆွေးနွေးပွဲအတွက် အဆင်သင့်ဖြစ်နေကြောင်း၊ အဆိုပါ ကယ်ဆယ်ရေး လုပ်ငန်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လည်း ပါဝင်ကူညီမည်ဟု မျှော်လင့်ကြောင်း ဇီလန်စကီက အစည်းအဝေးပြီးနောက် သတင်းထောက်များကို ပြောကြားလိုက်သည်။

ထို့အပြင် ဇီလန်စကီက ရုရှားသို့ ယူကရိန်းနိုင်ငံသားများအား ပြည်နှင်ဒဏ်ပေးခြင်းကို ရပ်ဆိုင်းရန်နှင့်ရုရှားမှ ယူကရိန်းနိုင်ငံသားများ အေးချမ်းစွာ အိမ်ပြန်လာနိုင်ရေး ဆောင်ရွက်ပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကို တိုက်တွန်းပြောကြားလိုက်သည်။

ဂူတာရက်စ်က မာရီပူးမှ ပြည်သူများကို ကယ်တင်ရန် အကောင်းဆုံး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

အပြည့်အဝအပစ်ရပ်စဲရန် ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ အသက်ကို ချက်ချင်းကယ်တင်ရန်အတွက်သာမက လူသားများ ဒုက္ခခံစားရမှုကို အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောသည်။

ဂူတာရက်စ်သည် မော်စကိုသို့ မေ ၂၆ ရက်က သွားရောက်ခဲ့ပြီးနောက် ဇီလန်စကီနှင့်တွေ့ဆုံ ဆွေးနွေးရန် ယူကရိန်းသို့ မေ ၂၇ ရက်က ရောက်ရှိခဲ့သည်။

ယူကရိန်းအရှေ့ဘက် အဇော့ဗ်ပင်လယ် ဆိပ်ကမ်းမြို့ဖြစ်သော မာရီပူးသည် ရုရှား-ယူကရိန်း ပဋိပက္ခတွင် အဆိုးဆုံး ပဋိပက္ခဖြစ်ပွားရာနေရာ တစ်ခုဖြစ်သည်။

ဆင်ဟွာ




ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်တို့ ယူကရိန်းနိုင်ငံ ကီယက်ဗ်တွင် မေ ၂၈ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၉၃၅ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၂၉**

မလေးရှားနိုင်ငံ၌ မေ ၂၈ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၉၃၅ ဦး ထပ်မံတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၄၄၃၃၁၈ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ ကိုးဦး ရှိပြီး ဒေသတွင်းကူးစက်ခံရသူ ၂၉၂၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၀ ဦးရှိသဖြင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်း ၃၅၅၃၆ ဦး ရှိကြောင်း သိရသည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၅၈၅ ဦး ထပ်မံရှိလာသဖြင့် ကိုဗစ်-၁၉ မှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၃၅၄၀၀၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



မလေးရှားနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်း တစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၅၃၇၇၆ ဦး ရှိသည့်အနက် ၈၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရပြီး ၅၆ ဦးမှာ အသက်ရှူ အထောက်အကူပြုကိရိယာများ လိုအပ်နေကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ မေ ၂၈ ရက် တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၃၂၀၀၆ လုံး ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ အရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းရှိကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးသူအရေအတွက်မှာ ၈၁ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပြီးသူအရေအတွက်မှာ ၄၉ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်တွင် လာရောက်ရင်းနှီးမြှုပ်နှံရန် တာလီဘန်အစိုးရအဖွဲ့၏ အဆင့်မြင့်ဆုံးခေါင်းဆောင် ဖိတ်ခေါ်

**ကဘူးလ် မေ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ တာလီဘန်ဦးဆောင်အစိုးရအဖွဲ့၏ အဆင့်မြင့်ဆုံး ခေါင်းဆောင်က အာဖဂန်နစ္စတန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများကို ဖိတ်ခေါ်လိုက်ပြီး အာဖဂန်နိုင်ငံသားများကိုလည်း စစ်ကြောင့်ပျက်စီးနေသော နိုင်ငံကို အတူတကွ ပြန်လည်တည်ဆောက်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။

ဟီဘာတူလာက အာဖဂန်နစ္စတန်သည် အာဖဂန်အားလုံးအတွက် ဘုံအိမ်ဖြစ်ကြောင်းနှင့် နိုင်ငံတွင်းမှ ထွက်သွားကြသူများကို ပြန်လာရန် ဖိတ်ခေါ်ထားသည်။

အာဖဂန်အစ္စလာမ္မစ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့်သာမက ကမ္ဘာကြီးနှင့်ပါ အပြုသဘောဆောင်သည့် ဆက်ဆံရေးကိုလိုချင်ကြောင်း ဟီဘာတူလာက ပြောသည်။

အာဖဂန်နစ္စတန်မှ တခြားနိုင်ငံများသို့ မည်သူကိုမျှခြိမ်းခြောက်ခွင့်ပြုသွားမည်မဟုတ်ကြောင်းနှင့် တခြားနိုင်ငံများကလည်း မိမိတို့နှင့် အပြန်အလှန် လေးလေးစားစားဆက်ဆံမှုရှိရန် လိုလားကြောင်း ၎င်းက ပြောသည်။

ဆင်ဟွာ

# အင်ဒိုနီးရှား၌ ရွှေတွင်း မြေပြိုမှုဖြစ်ပွား၊ အမျိုးသမီးအလုပ်သမား ၁၂ ဦးသေဆုံး

**ဂျကာတာ မေ ၂၉**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြား ကျွန်း၏ မြောက်ပိုင်း၌ မေ ၂၈ ရက် နေ့လယ်ပိုင်းက လိုင်စင်မဲ့ ရွှေတွင်းတစ်ခု၌ မြေပြိုကျမှု ဖြစ်ပွားရာ အလုပ်လုပ်နေသည့် အမျိုးသမီး အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့ပြီး အခြားနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံ ရဲဝန်ထမ်းက မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ဘန်ဒါလိုင်းမာဘန်းကျေးရွာ အတွင်း တရားမဝင်ရွှေတွင်း တစ်ခု၌ မြေပြိုကျမှု မဖြစ်ပွားမီက လူအများအပြားမှာ ရွှေတူးဖော်ခဲ့ကြကြောင်း ခရိုင်ရဲမှူး ရီဇာချဲရူးက ဒေသခံမီဒီယာကို ပြောကြားသည်။

ကမ်းပါး အစိတ်အပိုင်းမှာ ရုတ်တရက် ပြိုကျခဲ့ပြီးနောက် အမျိုးသမီးများကို ထိမှန်ပြီး မြေထဲတွင် နစ်မြုပ်သွားခဲ့ကြောင်း၊ မြေပြိုကျမှုဖြစ်ပွားရာနေရာတွင် အာဏာပိုင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု ခရိုင်ရဲမှူး ရီဇာချဲရူးက ဆက်လက်ပြောကြားသည်။

မြေပြိုကျမှု ဖြစ်ပွားခြင်းကြောင့် ၁၄ ဦးမှာ မြေထဲတွင် နစ်မြုပ်သွားခဲ့ပြီး နှစ်ဦးမှာ လွတ်မြောက်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က သေဆုံးသူများကိုလည်း ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်ခဲ့ပြီး ၎င်းတို့၏ မိသားစုဝင်များထံ ပို့ဆောင်ပေးခဲ့ကြောင်း ခရိုင်ရဲမှူး ရီဇာ ချဲရူးက ပြောကြားသည်။

ပြီးခဲ့သည့် နှစ်ကလည်း ဆူလာဝေဆီပြည်နယ် အလယ်ပိုင်းတွင် လိုင်စင်မဲ့သတ္တုတွင်း တစ်ခု၌ မြေပြိုကျမှုဖြစ်ပွားခဲ့ရာ သတ္တုတွင်း အလုပ်သမား ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



အင်ဒိုနီးရှားနိုင်ငံ ရွှေတွင်းတစ်ခု၌ မြေပြိုကျသည်ကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးကျွန်း၌ ပျောက်ဆုံးနေသည့် လှေကို ပြန်လည်တွေ့ရှိ

**တိုကျို မေ ၂၉**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော်ကိုင်းဒိုးကျွန်း၏ ရှာရီတိုကိုကျွန်းဆွယ် ပင်လယ်ကြမ်းပြင်၌ ပျောက်ဆုံးနေသော ခရီးသွားလှေ၏ အရာဝတ္ထုအစိတ်အပိုင်းကို တွေ့ရှိခဲ့သည်ဟု ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

ကာဇူအိအမည်ရှိ လှေမှာ လှေပေါ်ပါ အမှုထမ်းနှစ်ဦးနှင့် ခရီးသွား ၂၄ ဦးကို တင်ဆောင်ခဲ့ပြီး ဟော်ကိုင်းဒိုးကျွန်းတွင် ဧပြီ ၂၃ ရက်က ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

လှေ၏နံဘေးတွင် လှေအမည်ရေးသားထားသည့် စာများကို တွေ့ရှိခဲ့သဖြင့် အဆိုပါလှေမှာ ပျောက်ဆုံးနေသော ခရီးသွားလှေဖြစ်သည်ဟု အာဏာပိုင်များက ပြောကြားသည်။

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် လှေ၏အခြေအနေကို အသေးစိတ် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# မေ ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်းရှိ

(၂၉-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၄၆,၃၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၈၆၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၇၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၉-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၄၇) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၇) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၉) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၅၉) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၂၉) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၆၂၇) ခု | (၅) ဦး |
| စုစုပေါင်း | (၁၀,၅၇၃) ခု | (၂၁) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၉-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၉၅၄၇၆၈ | ၈၀၆၂၃၄၃၃ | ၁၀၂၀၁၅၉ |
| ၂။ | အိန္ဒိယ | ၄၃၀၇၂၄၈၆ | ၄၂၅၃၀၆၂၂ | ၅၂၃၇၅၃ |
| ၃။ | ဘရာဇီး | ၃၀၄၁၈၉၂၀ | ၂၉၄၉၉၄၂၂ | ၆၆၃၂၈၉ |
| ၄။ | ပြင်သစ် | ၂၈၅၄၂၈၈၄ | ၂၆၅၅၂၃၂၀ | ၁၄၅၇၁၁ |
| ၅။ | ဂျာမနီ | ၂၄၆၈၃၆၄၆ | ၂၂၂၂၇၆၀၀ | ၁၃၅၇၆၆ |
| ၆။ | ဗြိတိန် | ၂၂၀၂၅၉၂၅ | ၂၁၁၃၀၈၅၇ | ၁၇၄၆၉၆ |
| ၇။ | ရုရှား | ၁၈၁၀၇၄၉၁ | ၁၇၅၂၈၉၆၃ | ၃၇၅၇၂၇ |
| ၈။ | တောင်ကိုရီးယား | ၁၇၁၉၄၆၁၆ | စိစစ်ဆဲ | ၂၂၇၂၄ |
| ၉။ | အီတလီ | ၁၆၃၄၉၇၈၈ | ၁၄၉၃၇၇၃၈ | ၁၆၃၂၄၄ |
| ၁၀။ | တူရကီ | ၁၅၀၂၈၃၉၇ | ၁၄၉၂၇၉၇၅ | ၉၈၇၅၁ |

## ၂၉-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်


| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၄၄၇၀၀ | ၉၂၄၅၅၂၈ | ၄၃၀၃၈ |
| အင်ဒိုနီးရှား | ၆၀၄၆၄၆၇ | ၅၈၈၂၀၆၂ | ၁၅၆၂၄၀ |
| မလေးရှား | ၄၄၄၃၃၁၈ | ၄၃၅၄၀၀၆ | ၃၅၅၃၆ |
| ထိုင်း | ၄၂၃၈၀၆၁ | ၄၀၅၃၇၅၁ | ၂၈၄၀၃ |
| ဖိလစ်ပိုင် | ၃၆၈၅၄၀၃ | ၃၆၁၆၇၀၉ | ၆၀၃၀၅ |
| စင်ကာပူ | ၁၁၉၃၂၅၀ | ၁၁၂၆၄၄၈ | ၁၃၃၄ |
| မြန်မာ | ၆၁၂၈၆၄ | ၅၉၁၇၉၄ | ၁၉၄၃၄ |
| လာအို | ၂၀၇၁၉၆ | ၂၀၅၃၇၈ | ၇၄၃ |
| ဘရူနိုင်း | ၁၄၁၇၄၈ | ၁၄၀၇၁၁ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၄၆ | ၁၃၃၀၅၀ | ၃၀၅၆ |



အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို

ပျက်စီးစေရန်အတွက် လက်ကို

ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး

စက္ကန့်(၂၀) ကြာဆေးကြောပါ။

# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် အဖွဲ့ဝင်များအား အသီးသီးလက်ခံတွေ့ဆုံ





အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။**

*ယမန်နေ့မှအဆက်*

မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ရွေးကောက်ပွဲပြီးကတည်းက သွားခဲ့ကြောင်း၊ သို့သော် ၎င်းတို့၏ မဲမသမာမှုများကို ဖုံးကွယ်နိုင်ရန်အတွက် ထိုကိစ္စများကိုဆန့်ကျင်၍ ပြည်သူလူထုကို အသုံးချပြီး ဆောင်ရွက်နေခြင်းဖြစ်သောကြောင့် ထိုအဖွဲ့များနှင့် ဆွေးနွေးရန် အကြောင်းလုံးဝမရှိကြောင်း၊ ထို့ကြောင့် EAO အဖွဲ့များနှင့် PDF၊ NUG အကြမ်းဖက်အဖွဲ့များသည် ရပ်တည်ချက်ရော၊ သမိုင်းကြောင်းပါ မတူညီကြောင်း၊ အချို့ EAO အဖွဲ့များအနေဖြင့် PDF ၊ NUG အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထိုအဖွဲ့များအနေဖြင့် ဆက်လက်ပူးပေါင်းနေမည်ဆိုပါက ထို EAO များ၏ နယ်မြေများသာလျှင် နစ်နာမှုရှိမည်ဟု ပြောလိုကြောင်း၊ လက်တွေ့တွင်လည်း ယခင်ကငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုရရှိနေသည့် တိုင်းရင်းသားနယ်မြေအချို့တွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည်ကို တွေ့ရကြောင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများသာလျှင် နစ်နာနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တချို့နေရာများတွင်လည်း သဘောထားကွဲလွဲမှုများရှိနေသည်ကို တွေ့ရကြောင်း၊ ဥပမာ ပြောရမည်ဆိုပါက ဒီးမော့ဆိုမြို့တွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းရန် NUG ၏ လုပ်ဆောင်မှုကို ဧပြီလ ၁၄ ရက်က ထုတ်ပြန်ခဲ့ပြီး ဧပြီလ ၂၆ ရက်တွင် KNPP က ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ကရင်ပြည်နယ် KNU ဘက်က နော်မေဦး ရေးသားထားသည့် “NCA အစုအဖွဲ့များ၏ နိုင်ငံရေးရိုးသားမှုကို ဆန်းစစ်ခြင်း” ဆိုသည့်စာတမ်းကို ဖတ်ကြည့်မည်ဆိုပါက တချို့အရာများကို ရိပ်မိနိုင်မည်ဖြစ်ကြောင်း။

မိမိအနေဖြင့် သတိထားရမည့် သမိုင်းကြောင်းတစ်ခုကို ပြောလိုကြောင်း၊ ဗကပ ဗဟိုပဲခူးရိုးမမှ အရှေ့မြောက်ဒေသရောက်ရှိသွားသည့် အချိန်တွင် ထိုဒေသတွင် မည်ကဲ့သို့ ဖြစ်ခဲ့သည်ဆိုသည့်သမိုင်းနှင့် ဗကပများ အဆိုပါဒေသတွင် ချုပ်ငြိမ်းသွားမှုသမိုင်းများသည် လေ့လာစရာကောင်းသည်ဟု ပြောလိုကြောင်း။

**မည်သူ့ကိုမျှ ချန်လှပ်မထားစေရေးမူဝါဒကို အလေးထား**

နံပါတ်သုံးအချက်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ အကြီးအကဲ H.E.Dr.KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ တင်ပြလိုကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်သည် ၂၀၂၂ ခုနှစ်အတွင်း မတ်လ ၂၁ ရက်တွင် တစ်ကြိမ်၊ ဧပြီလ ၂၀ ရက်တွင် တစ်ကြိမ် ထပ်မံရောက်ရှိခဲ့ကြောင်း၊ ယခုခရီးစဉ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တွေ့ဆုံခဲ့သကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် တူညီ ဆန္ဒ(၅)ချက် အကောင်အထည်ဖော်ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စသက်သက်ကိုသာ အလေးထားလုပ်ဆောင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် မည်သူ့ကိုမျှ ချန်လှပ်မထားစေရေးမူဝါဒကို အလေးထား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အာဆီယံနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများနှင့် ဦးဆောင်ဦးရွက်ပြုမှုအားလုံးသည် မြန်မာနိုင်ငံအစိုးရ၏ လုပ်ငန်းစဉ်နှင့် မူဘောင်များနှင့် အညီသာ ဖြစ်သင့်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြောင်း။

ဧပြီ ၂၀ ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနည့်ခန်းမ၌ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံရာ၌ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်မည့်အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးကိစ္စနှင့် လက်ရှိအခြေအနေများအပေါ် ဖြေရှင်းနိုင်ရန် စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အကူအညီပေးနေသည့် အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များနှင့် ကျွမ်းကျင်သူများအား ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းအဆင့်ဆင့်တွင် အပြုသဘောဆောင်၍ ပူးပေါင်းဆောင်ရွက်ရန်၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာစေရန်၊ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားရန်ဟု ပါရှိကြောင်း။

**အမြဲတံခါးဖွင့် ကြိုဆိုထား**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ကြိုတင်ကန့်သတ်ချက်မထားရှိဘဲ လာရောက်တွေ့ဆုံဆွေးနွေးနိုင်စေရန် အမြဲတံခါးဖွင့် ကြိုဆိုထားကြောင်း၊ ကော်မတီအနေဖြင့် အမြဲအသိပေးနေသကဲ့သို့ နိုင်ငံတော်အစိုးရအနေနှင့်လည်း တရားဝင်ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ လက်ရှိကာလတွင် ညှိနှိုင်းရေးကော်မတီအနေဖြင့် NCA ထိုးထားသည့် EAO များနှင့်သာမက NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့်ပါ မကြာခဏအလွတ်သဘော တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ တဖြည်းဖြည်းဖြင့် တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်စေရန် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့်အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ရယူခဲ့ခြင်းအပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လူသားချင်းစာနာထောက်ထားမှုခေါင်းစဉ်ဖြင့် ၎င်းတို့နယ်မြေအတွင်း လက်ခံထားရှိသည့် PDF / NUG အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များနှင့် မြို့ရွာများကို အန္တရာယ်ပြုနေသည့် လုပ်ရပ်များအကြောင်းကိုလည်း မိမိတို့ပြောခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို ကူညီထောက်ပံ့မှုများမပြုလုပ်ရန် တိုက်တွန်းပြောကြားပေးစေလိုကြောင်းကိုလည်း မိမိတို့ ဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုအားလုံး၏ ရလဒ်များအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌလာရောက်စဉ်ကပင် မိမိတို့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပါဝင်ကူညီဆောင်ရွက်မည် ဆိုသည့်ကိစ္စကိုလည်း မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီ၏ မူဝါဒများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြောလိုကြောင်း။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ ၇၅ နှစ် ပြည့်မြောက်ပြီဖြစ်ကြောင်း၊ သို့သော် မိမိတို့နိုင်ငံသားပြည်သူလူထုအနေဖြင့် လွတ်လပ်ရေး၏အရသာ၊ ဒီမိုကရေစီ၏အရသာကို အပြည့်အဝခံစားရခြင်း မရှိသေးကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီကို ပြည့်ဝစွာ ခံစားနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး (Peace and Development)ကို အထောက်အကူဖြစ်စေမည့် မည်သည့် မိတ်ဆွေနိုင်ငံ၊ မည်သည့်မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီမှု၊ အကျိုးဆောင်မှုကိုမဆို အမြဲကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း။

နံပါတ်လေးအချက်အနေဖြင့် ပညာရေးဆိုင်ရာဆောင်ရွက်ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်း၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် အားလုံးလက်ခံထားသည့် အချက်တစ်ချက်ရှိကြောင်း၊ ထိုအချက်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ ထိုအချက်မှာလည်း “ပညာရေး” အပေါ် အဓိကမူတည်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **“ကျောင်းများ ပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးနဲ့ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများ လုပ်ဆောင်နေမှုသည် နိုင်ငံအား ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့် လုပ်ဆောင်ချက်ပင်ဖြစ်သည်”** ဟု ပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးအခြေအနေကို ပြောလိုကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ ၈ ဒသမ ၁ ရာခိုင်နှုန်း (လူဦးရေ ၄ သန်းခန့်)မှာ ကျောင်းမနေခဲ့ဖူးသည်ကို တွေ့ရကြောင်း၊ အသက် ၂၅ နှစ်အထက် ကျောင်းမနေဖူးသူ ၉ သိန်း ၆ သောင်းခန့် ရှိကြောင်း၊ မူလတန်းကြိုနဲ့ မူလတန်းအဆင့်ရှိသူ ၁၁ ဒသမ ၈ သန်းခန့်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မူလတန်းအဆင့် ပညာရေးသာရှိသူ ၁၂ ဒသမ ၉၇ သန်းခန့်ရှိသည်ကို တွေ့ရကြောင်း၊ အလယ်တန်းအဆင့် ပညာရေးရှိသူ ၅ ဒသမ ၄ သန်းခန့်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ အားလုံးပေါင်းမည်ဆိုပါက အလယ်တန်းအဆင့်နှင့်အောက် ပညာရေးသာရှိသူ ၁၈ ဒသမ ၂ သန်းခန့်ရှိကြောင်း၊ နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ အမျိုးသားပညာရေးကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*




## ❑ ၂၀၂၂ ခုနှစ်၊ မေ ၂၄ ရက်က စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ မေလ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ဇွန်လ ၂ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် လျာထား

*စာမျက်နှာ ၁၆ မှ*

နိုင်ငံရေးလုပ်စားသူများက စစ်ကျွန်ပညာရေးဟုခေါင်းစဉ်ပြ၍ ဝါဒမှိုင်းတိုက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ကျောင်းသား၊ မိဘ၊ ဆရာတို့အပေါ် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်မှုကြားမှ ပြည်သူပါဝင်သည့် လုံခြုံရေးအာမခံချက်များရယူ၍ ကျောင်းများဖွင့်လှစ်ရေး လုပ်ဆောင်ခဲ့ကြောင်း။

**နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများ စတင်ဖွင့်လှစ်မှု**

၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိစာသင်ကျောင်းများ စတင် ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းစတင်ဖွင့်လှစ်မှုအနေဖြင့် မြန်မာနိုင်ငံမှာ အခြေခံပညာအထက်တန်းအဆင့် ကျောင်းပေါင်း ၆,၁၇၈ ကျောင်းရှိသည့်အနက် ၅,၂၀၉ ကျောင်း၊ အလယ်တန်းအဆင့် ကျောင်းပေါင်း ၁၂,၇၈၆ ကျောင်း၊ မူလတန်းအဆင့်ကျောင်းပေါင်း ၂၁,၂၄၇ ကျောင်း၊ စုစုပေါင်း အခြေခံပညာအဆင့်ကျောင်းပေါင်း ၄၇,၇၆၀ ကျောင်းအနက် ၃၉,၂၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ကျောင်းတက်ရောက်မှုအနေဖြင့် **(၄၂ သိန်းကျော်)** တက်ရောက်ခဲ့ကြောင်း၊ ၈၁ ရာခိုင်နှုန်းကျော် ကျောင်းတက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများကို မတ်လနောက်ဆုံးအပတ်နှင့် ဧပြီလပထမအပတ်တို့တွင် ယခင်လျာထားသည့်အတိုင်း စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျောင်းတက်ရောက်သည့်အတိုင်း ရာခိုင်နှုန်းပြည့် တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာရင်းပေးသွင်းသူများအနက် **(၉၀ ဒသမ ၁၈)**ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် ကျောင်းသား/ကျောင်းသူများ စာမေးပွဲအောင်ရုံသာမက ရာနှုန်းပြည့် အမှန်တကယ် တတ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ပညာရေးဝန်ထမ်း ၃၇ ဦး သေဆုံးခဲ့ပြီး ၃၀ ဦး ဒဏ်ရာရရှိခဲ့**

ပြီးခဲ့သည့် ပညာသင်နှစ်တစ်လျှောက် မြို့နယ်ပေါင်း ၁၇၇ မြို့နယ်၌ အကြမ်းဖက်လုပ်ရပ်များကြောင့် စာသင်ကျောင်းနှင့် ပညာရေးအဆောက်အဦဖျက်ဆီးခံရမှု (၅၀၀ ကျော်) နှင့် ပညာရေးဝန်ထမ်း ၃၇ ဦး သေဆုံးခဲ့ပြီး ၃၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ကလေးများ၏ အနာဂတ်ပျောက်အောင် ပြည်ဖျက်မီဒီယာများကလည်း အားပေးအားမြှောက်ပြုခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့လှုံ့ဆော်ရုံသာမက တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရာတွင် စာစစ်ဌာနများနှင့် စာဖြေဌာနများကို ဗုံးပစ်ခြင်း၊ မိုင်းခွဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဥပမာပြောရမည်ဆိုပါက ရေဖြူမြို့ ကျောက်တိုင်လမ်းတွင်ရှိသည့် အခြေခံပညာအထက်တန်းကျောင်းအား အင်္ဂလိပ်စာဘာသာရပ် စာမေးပွဲဖြေဆိုသည့်နေ့တွင် လက်လုပ်အသံဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားသည့် ဖြစ်စဉ်ဖြစ်ခဲ့ကြောင်း၊ ရေစကြိုမြို့ အမှတ်(၈) ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့အတူ ချင်းပြည်နယ် မတူပီမြို့ အခြေခံပညာမူလတန်းကျောင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ တနင်္သာရီတိုင်း ကလိန်အောင်မြို့ ကံပေါက်ကျေးရွာ ကံပေါက်အခြေခံပညာအထက်တန်းကျောင်းတွင်လည်း စာမေးပွဲဖြေဆိုနေစဉ်တွင် လာရောက်ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ နမူနာအချို့ကိုသာ မိမိထုတ်ပြခြင်းဖြစ်ကြောင်း၊ အချို့သော လူငယ်များ၏အနာဂတ်ကို လမ်းပျောက်စေရန်နှင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်လာမှုကို မနာလိုစိတ်ပြင်းထန်သည့် အောက်လုံးမီဒီယာများနှင့် နိုင်ငံရေးသမားများ၏လက်ချက်သာ အဓိကဟု ပြောလိုကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းကို ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး ထုတ်ပြန်မည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ကောလိပ်များကို ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နေ့စဉ်ထုတ် သတင်းစာများနှင့် TV သတင်းများတွင်လည်း ကျောင်းများဖွင့်လှစ်နိုင်မှုနှင့် အဝေးသင်တက္ကသိုလ်များ ဖွင့်လှစ်နိုင်မှုတို့ကို နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်တန်းမပါ ၂၀၂၂ ခုနှစ်၊ မေ ၂၄ ရက်က စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ **မေလ ၂၅ ရက်မှ ၃၁ ရက်အထိ** ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး **ဇွန်လ ၂ ရက်တွင်** ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် လျာထားကြောင်း၊ ဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်နှင့် ခံစားနိုင်ရန် ပြည်သူလူထု၏ ပညာရည်မြင့်မားရန် လိုအပ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က **"တိုင်းပြည်အုပ်ချုပ်ရေး စနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံးဖြစ်သည်။ ဒီမိုကရေစီစနစ် အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေမည်"** ဟု ပြောခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းပြည်၏ပညာရေးကို ဟန့်တားနှောင့်ယှက်နေခြင်းသည် ဒီမိုကရေစီစနစ်ကို ဟန့်တားခြင်း၊ ဖျက်ဆီးခြင်းပင်ဖြစ်သည်ဟု ပြောလိုကြောင်း။

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**

နံပါတ်ငါးအချက်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ မိမိတို့အစိုးရ၏မူဝါဒမှာ **"ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်"**၊ **"လက်တွေ့ကျကျ၊ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဆိုသည့် မူဝါဒကို နိုင်ငံတော်အကြီးအကဲက မူဝါဒချမှတ်ပေးထားကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ မေ ၂၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူမှု၊ လှူဒါန်းမှု၊ လက်ခံရရှိမှု Dose အရေအတွက် (၆၆ ဒသမ ၁၃ သန်းကျော်) ရှိကြောင်း၊ ထိုးနှံပြီး Dose အရေအတွက်မှာ (၅၃ ဒသမ ၇၅ သန်းကျော်)ဖြစ်ကြောင်း၊ တစ်ကြိမ်ထိုးနှံပြီးသူအရေအတွက် (၆ ဒသမ ၇၄ သန်းကျော်)ဖြစ်ကြောင်း၊ အကြိမ်ပြည့်ထိုးနှံပြီးသူအနေဖြင့် (၂၂ ဒသမ ၈၆ သန်းကျော်)ဖြစ်ကြောင်း၊ အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်းရှိ အခြေခံပညာဦးစီးဌာန အလယ်တန်း/အထက်တန်း ကျောင်းသား/ ကျောင်းသူများအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း။

တစ်နိုင်ငံလုံးတွင် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်အထိ ရည်မှန်းလူဦးရေ (၃)သန်းကျော် ရှိကြောင်း၊ ထိုသူများအနက် အသက် ၁၂ နှစ်နှင့် ၁၈ နှစ်အတွင်းရှိ အခြေခံပညာကျောင်းသား/ကျောင်းသူ (၁ ဒသမ ၅)သန်းကျော် ထိုးနှံပြီး ဖြစ်သည့်အတွက် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်အတွင်းရှိ ကျောင်းသား/ကျောင်းသူ ၇၉၁,၄၅၄ ဦး (၇)သိန်း (၉) သောင်းကျော်ခန့် ထိုးနှံပြီးစီးပြီဟု ခန့်မှန်းရကြောင်း၊ ပြည်သူလူထုအတွင်း အသက် ၁၅နှစ်မှ ၁၈ နှစ်အတွင်း ၂,၂၇၁,၀၀၇ ဦး (၂ ဒသမ ၂)သန်းကျော်ခန့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေကြောင်း၊ ကျောင်းတက်ခြင်းမရှိသည့် အသက် ၁၅ နှစ်မှ ၁၈ နှစ်အထက် လူငယ်များသည် ပြင်ပတွင် အလုပ်လုပ်ကိုင်နေသူများပြားသည့်အတွက် ကိုဗစ်-၁၉ရောဂါ ဖြစ်နိုင်ခြေများသည့် အသက်အုပ်စုလည်း ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူလူထုအတွင်း အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း လူဦးရေအားလုံးကို ကာကွယ်ဆေးထိုးနှံရန်အတွက် ပထမအကြိမ်ကို ၁၇-၄-၂၀၂၂ ရက်နေ့မှ ၂၃-၅-၂၀၂၂ ရက်အထိ၊ ဒုတိယအကြိမ် ဆေးထိုးနှံရန်အတွက် ၂၄-၅-၂၀၂၂ ရက်မှ ၂၀-၆-၂၀၂၂ ရက်အထိ ထိုးနှံပေးရန်လျာထားထားကြောင်း၊ ချုံ့ပြီးပြောရလျှင် ယခင်က အသက် ၁၈ နှစ်အထက်ကို ကာကွယ်ဆေးထိုးနှံခဲ့ကြောင်း၊ ယခုအချိန်တွင် အသက် ၁၅ နှစ်အထိ လျှော့ချပြီး ၁၅ နှစ်နှင့်အထက် ပြည်သူလူထုအားလုံးကို ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ပြည်သူလူထုတစ်ရပ်လုံးကလည်း အားလုံးဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်း၊ လက်ရှိတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေး ထိုးနှံလွှမ်းခြုံမှု မြင့်မားလာသည်နှင့်အမျှ မိမိတို့ ပြည်သူ/ပြည်သားများ ရောဂါဖြစ်ပွားသေဆုံးမှုကို တားဆီးကာကွယ်နိုင်သည့် အကျိုးရလဒ်များရရှိမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးအပြည့်ထိုးနှံမှု ကြိုးစားဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက် PDF အမည်ခံအဖွဲ့များကြောင့် နယ်မြေမငြိမ်မသက်ဖြစ်နေသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၏အချို့နေရာများတွင် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလနှင့် မေလတွင် ကာကွယ်ဆေးထိုးရမည့်သူများအားလုံးကို ၁၀၀ ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးစွမ်းအားမြင့် Booster Doses ထိုးနှံနိုင်ရေးအတွက် ထိုးနှံပြီးသူ ၁ ဒသမ ၂၈ သန်းကျော်ရှိပြီဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ရရှိနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ရေတိုစီမံချက်အနေဖြင့် Sinopharm China National Biotech Group မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့် ဝယ်ယူပြီး ပုလင်းသွင်းဖြည့်တင်းခြင်းကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် အာဆီယံဒေသ၌ မြန်မာနိုင်ငံအပါ

*စာမျက်နှာ ၁၈ သို့*


- Myancopharm **ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန** (FDA) **၏ ကာကွယ်ဆေးမှတ်တမ်းတင်ခြင်း ထောက်ခံစာ** (Drug Notification Certificate)**ကို (၂၀၂၂ ခုနှစ် မေ ၂၅ ရက်တွင် ရရှိပြီးဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် မေ ၂၉ ရက်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနသို့** Myancopharm **ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး** Doses **တစ်သန်း စတင်ပေးပို့သွားမည်**
- **နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိ**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀-၄-၂၀၂၂ ရက်**(စနေနေ့)**တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၁၈) ၌ လောကတွင် မည်သည့်ကိစ္စမဆို ယုတ္တိရှိတိုင်း အမှန်မဖြစ်




တတ်ဘဲ ယုတ္တိမရှိသော်လည်း အမှန်ဖြစ်တတ်သည့်အကြောင်း ရေးဖွဲ့ထားသည့် "ယုတ္တိ၊ ယုတ္တာ" မျက်နှာဖုံး ကာတွန်း၊ ပြင်းထန်လေဆင်နှာမောင်း မုန်တိုင်းအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "လေဆင်နှာမောင်း" သုတဆောင်းပါး၊ ဘာမှမလုပ်ခြင်းကြောင့် အပြစ်ပေးခံရသည်ဆိုသော ဖြိုးရဲအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ဖြိုးရဲအပြုံးလက်ဆောင်"နှစ်မျက်နှာကာတွန်း၊ မိမိစိတ်ဝင်စားသည့် ဆောင်ရွက်ချက်များတွင် ရည်မှန်းချက်ထား ကြိုးစားခြင်းကြောင့် အောင်မြင်မှုများကို အမှန်တကယ် ဆွတ်ခူးရရှိနိုင်ပုံအကြောင်း ရေးဖွဲ့ထားသည့် "အကယ်ဒမီ ပူစီကစ်ကစ်" ဝတ္ထုကဏ္ဍ၊ ပန်းကန်ကပ်ကော်ကို လက်တွေ့စမ်းကြည့်နေသော ရဲရင့်ဖြိုးအကြောင်းကို ရေးဖွဲ့ထားသည့် "အမွှေလေး ရဲရင့်ဖြိုး"တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် ဆရာမိဘများ၏ ဆုံးမစကားများကို နာယူမှတ်သားပြီး အကျိုးထိရောက်စွာ အသုံးပြုတတ်ရမည်ဖြစ်ကြောင်း တင်ဆက်ထားသည့် "တန်ဖိုးရှိတဲ့ စကားသုံးခွန်း" ပုံပြင်ကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**


## ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများ အတွဲ(၂)

# ထွက်ပါပြီ

**လွှတ်တော်ရွေးကောက်ပွဲများအကြောင်း အဆင်သင့်လေ့လာနိုင်သည့် စာအုပ်ကောင်းတစ်အုပ်**




- မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အရ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သက်တမ်းနှစ်ခုမှာ FPTP စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့တာကြောင့် လွှတ်တော်အသီးသီးမှာ တစ်ပါတီကြီးစိုးမှု တွေဖြစ်ခဲ့ရပါတယ်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့်ရွေးကောက်ပွဲမှာ PRs စနစ်ကို ကျင့်သုံးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားထားလို့ သင့်အနေဖြင့် ဘယ်လိုမဲပေးရွေးချယ်ရမလဲ ဆိုတာကို လွှတ်တော် ရွေးကောက်ပွဲများ အကြောင်းအတွဲ(၁)နှင့်(၂) စာအုပ် များမှာ အဆင့်သင့်လေ့လာနိုင်ပြီ ဖြစ်ပါတယ်။
- လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက်ကတော့ မဖြစ်မနေ ဖတ်ရှုလေ့လာရမည့် စာအုပ်ကောင်းတစ်အုပ်ပဲ ဖြစ်ပါတယ်။
- နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးကို စိတ်ပါဝင်စားသူတိုင်း လေ့လာနိုင်ရန် လွှတ်တော်ရွေးကောက်ပွဲများအကြောင်း တစ်စုတစ်စည်းတည်း ပါဝင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။
- တိုင်းရင်းသားလူမျိုးစုငယ်များ လွှတ်တော်အသီးသီးမှာ အချိုးကျပါဝင်နိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PRs) အကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်လည်းဖြစ်ပါသည်။


*စာမျက်နှာ ၁၇ မှ*

အဝင် ထိုသို့လုပ်ဆောင်ခြင်းကို ၅ နိုင်ငံသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးလုပ်ငန်းကို ပြည်တွင်းတွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့သို့လုပ်ဆောင်ခြင်းသည် နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့ချနိုင်မည် ဖြစ်ကြောင်း။

Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ကာကွယ်ဆေးမှတ်တမ်းတင်ခြင်းထောက်ခံစာ (Drug Notification Certificate)ကို (၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်တွင် ရရှိပြီးဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်မှစ၍ ကျန်းမာရေး ဝန်ကြီးဌာနသို့ Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Doses တစ်သန်း စတင်ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးကို ပြည်တွင်းမှ ထုတ်လုပ်နိုင်ပြီး ပြည်သူများကိုလည်း ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ယခင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဟု သတင်းကောင်းပါးလိုကြောင်း။

### စွမ်းအင်ကဏ္ဍ

နံပါတ်ခြောက်အနေဖြင့် စွမ်းအင်ကဏ္ဍဖြစ်ကြောင်း၊ လက်ရှိကမ္ဘာပေါ်တွင် ရေနံစိမ်းဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ရုရှားနှင့် ယူကရိန်းပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးကွက် မြင့်တက်နေသည်ကို တွေ့ရှိရကြောင်း၊ ထိုရိုက်ခတ်မှုသည် အစိုးရအပေါ် ထိုးနှက်ချင်သူများက ကမ္ဘာပေါ်တွင်ဖြစ်ပျက်နေသည့် ကမ္ဘာ့ရေနံဈေးနှုန်း အပြောင်းအလဲကို လျစ်လျူရှုပြီး မိမိတို့တစ်နိုင်ငံတည်း ပြတ်လပ်နေသလို၊ ဈေးနှုန်းမြင့်နေသလို လုပ်ဆောင်နေကြသည်ကို တွေ့ရကြောင်း၊ မိမိတို့ အိမ်နီးချင်းဒေသတွင်းနိုင်ငံများနှင့်ယှဉ်ပြီး ကြည့်၍ရကြောင်း၊ အာဆီယံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးဖြစ်သည့် စင်ကာပူနိုင်ငံ ဆိုလျှင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ ဓာတ်ဆီဈေးနှုန်းအရ 95 ၁ လီတာကို စင်ကာပူဒေါ်လာ ၂ ဒသမ ၉၃၁ ခန့် (မြန်မာငွေ ၃,၉၆၇ ကျပ်ခန့်)၊ တစ်ဂါလန်လျှင် စင်ကာပူငွေ ၁၃ ဒသမ ၁၉ ဒေါ်လာခန့်(မြန်မာငွေ ၁၇,၈၅၂ ကျပ်ခန့်) ဈေးနှုန်းပေါက်သည်ကို တွေ့ရကြောင်း၊ ထိုင်းနိုင်ငံဆိုလျှင် 95 ၁ လီတာကို ၄၆ ဒသမ ၉၇ ဘတ်ခန့် (မြန်မာငွေ ၂,၅၅၉ ကျပ်)၊ တစ်ဂါလန်လျှင် ထိုင်းငွေ ၂၁၁ ဒသမ ၃၇ ဘတ်ခန့် (မြန်မာငွေ ၁၁,၅၁၆ ကျပ်ခန့်) ဈေးနှုန်းရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ ဓာတ်ဆီ ၁ လီတာ ၂,၀၀၀ ကျပ်ခန့် (တစ်ဂါလန်လျှင် ၉,၀၀၀ ကျပ်ခန့်)ဈေးနှုန်းဝန်းကျင်နှင့် နှိုင်းယှဉ်ကြည့်လျှင် သိနိုင်ပါကြောင်း၊ ၎င်းတို့နှင့် ပတ်သက်ပြီး အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ကို တွင်တွင်ကျယ်ကျယ် ပြုလုပ်သွားမည်ဖြစ်သလို စက်သုံးဆီအသုံးပြုမှုကို ခြိုးခြံချွေတာရမည်ဖြစ်ကြောင်း။

### စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး

ပြည်တွင်းစက်သုံးဆီဖူလုံရေးနှင့် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအနေဖြင့် မြန်မာနိုင်ငံတွင် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များထုတ်လုပ်နိုင်ရန် အထူးသဖြင့်ကုန်းတွင်းရေနံတွင်းဟောင်းများကို စွမ်းရည်မြှင့်တင်တိုးတက်ထုတ်လုပ်မည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ၍ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကမ္ဘာပေါ်တွင် ရေနံနှင့်ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ် တင်ပို့ရောင်းချနေသည့် ရုရှားနိုင်ငံနှင့်လည်းကောင်း၊ ရုရှားနိုင်ငံဦးဆောင်ပြီး ဘယ်လာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်နှင့် အာမေးနီးယားနိုင်ငံများက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(Euro-Asia Economic Union) အဖွဲ့နှင့်လည်းကောင်း စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်း၍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆွေးနွေးလျက်ရှိကြောင်း၊ အထူးသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကမ္ဘာ့ထိပ်တန်းရေနံကုမ္ပဏီများနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်ဆွေးနွေးလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ-ဥရောပ အာရှစီးပွားရေး ကော်မရှင်အကြား နှစ်ဖက်အစိုးရ-ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ဆွေးနွေးပွဲတွင် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ကုမ္ပဏီကြီးများ တက်ရောက်ခဲ့ကြပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လျှပ်စစ်ကဏ္ဍဖြန့်ဖြူးရေးကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြောင်း၊ မကြာမီတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထိပ်တန်းရေနံနှင့် စွမ်းအင်ကုမ္ပဏီများနှင့် ဆွေးနွေးပွဲတစ်ရပ် ကျင်းပပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးသွားရန်ရှိကြောင်း၊ ဒီဇယ်နှင့်ဓာတ်ဆီကို ပြည်ပက တင်သွင်းရန်လိုအပ်သည့် နိုင်ငံခြားသုံးငွေများ စနစ်တကျရောင်းချပေးနိုင်ရန် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအနေဖြင့်လည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း။

စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေး ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး လုပ်ငန်းအသေးစိတ်များကို သတင်းမီဒီယာအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့က အသေးစိတ်ကိန်းဂဏန်းအချက်အလက်များနှင့် အသေးစိတ်ပြောပြီးဖြစ်ကြောင်း၊ တိုင်းပြည်အတွင်းတွင်အရန်စက်သုံးဆီများ အလုံအလောက်ရှိကြောင်း၊ ၎င်းတို့ နှင့်ပတ်သက်ပြီး ဈေးကစားချင်သည့် ကောလာဟလ သတင်းမျိုးစုံလွှင့်နေသည်ကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့် အသိပေးသင့်သည် များ၊ သတိပေးသင့်သည်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနအနေဖြင့် သက်ဆိုင်ရာကော်မတီ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း MPTA တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီ၊ လျှပ်စစ်အပါအဝင် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်ပြီး ယခုလက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်ထိရောက်သည့် အစီအမံများကိုလည်း ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်စိတ်မလွန်ကဲရန် ထပ်မံအသိပေးပြောကြားလိုကြောင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၄-၂၀၂၂ စနေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ တောဖျံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ |
| ၀၉:၄၀ | ခေတ်အလိုက်ကြေးမုံပြင် 'ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း' (အမျိုးသားပြတိုက်) |
| ၁၀:၃၀ | လူငယ်မျိုးဆက်သစ်အစီအစဉ် |
| ၁၁:၄၀ | တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ |
| ၁၂:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'မျဉ်းနှစ်ကြောင်း' |
| ၁၃:၃၀ | MRTV National News |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'သက်တန့်လေးပျိုပျို' |
| ၁၆:၅၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇:၁၅ | ရှုလေမြင်လေကမ္ဘာမြေ |
| ၁၇:၃၅ | MRTV Travelogue |
| ၁၇:၅၀ | Raod to 31st SEA Games Vietnam |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာသိရှိဖေယာ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၈၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဗိဘကျေးရွာ အကျိုးထူး (ဆို၊ ငို၊ ပြော ရုပ်စုံသဘင်ဇာတ်တော်ကြီး) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon) |
| 07:07 | Weekly Review |
| 07:22 | Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong- Preliminary Performace by Female Dancers |
| 07:31 | Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China |
| 07:37 | Myanmar Traditional Snacks: Sago Syrup with Sweet Potato |
| 07:43 | Myanmar Family Life: Rest & Recreation at the Zoo |
| 08:01 | Quiz Time (Ep-13) |
| 09:01 | News |
| 09:24 | Global Partnership for Brighter Future: Andorra Pavilion at Expo 2020 Dubai |
| 09:36 | Tahbuhla Dam & Oakkan Chaungtha |
| 09:46 | Daingnak Style |

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အာဟာရပြည့်အတွေ့ချက်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ပြုံးပဒေသာ (မောင်သာလှနှင့်လည်လွန်းတဲ့ဘီး)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၂)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဒွိမားဆန်ပြုတ်ချက်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ကြက်ဆန်လှော်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၂)

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဲသောမူသဲသောခွါး

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၉:၁၅ | ၅၇ကြိမ်မြောက်ကျောက်မျက်ရတနာပြပွဲ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ (အပိုင်း-၁) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၅) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | မြန်မာ့ရွှေဖြူ |
| ၀၇:၀၀ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး |
| ၀၇:၄၅ | ရွှေဘိုမြို့မှပေါ်ဆန်းစပါး |
| ၀၈:၀၀ | ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ် |
| ၀၈:၁၀ | သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး |
| ၀၉:၄၅ | တောင်သူများအတွက်အကျိုးတူပူးပေါင်း ဆောင်ရွက်မြန်မာ့သရက် |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I သင်တန်းများ စတင်ဖွင့်လှစ်မည့်ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ အောက်ဖော်ပြပါ A.G.T.I သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - A.G.T.I ပထမနှစ်သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - A.G.T.I ဒုတိယနှစ်သင်တန်းများ

ကျောင်းအပ်လက်ခံခြင်းကို (၂-၅-၂၀၂၂) ရက်တွင် စတင်လက်ခံမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိ

နေပြည်တော် ဧပြီ ၂၉

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၇ ဒသမ၂၀ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၄ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၅၀/၂၂၇၀ ကျပ် | ၂၃၀၀/၂၃၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၅/၂၂၉၅ ကျပ် | ၂၃၃၅/၂၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၂၀/၁၉၂၀ ကျပ် | ၁၉၇၀/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၇၅/၁၉၉၅ ကျပ် | ၂၀၉၅/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၀ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၀၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၂၂၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၇၆၀၀ | ၉၀ | ၆၈၄၆၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၇၀၇ | ၁၉၀၈၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၁၁ | ၂၈၈၆၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀၇ | ၂၈၃၅၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၃၅) မှာ လိဒ်စ်နဲ့ မန်စီးတီး၊ အဲဗာတန်နဲ့ ချယ်ဆီး၊ ဝက်စ်ဟမ်းနဲ့ အာဆင်နယ်၊ ဝက်ဖို့ဒ်နဲ့ ဘန်လေစတဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။

# ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့မရတဲ့ အာဆင်နယ် ဝက်စ်ဟမ်းကို အနိုင်ယူနိုင်မလား



| ပရီမီယာလိဂ်ပွဲစဉ် (၃၅) | |
|---|---|
| ၂၁-၅-၂၀၂၂ | စနေနေ့ |
| ကာဆယ် - လီဗာပူး | ည ၆း၀၀ |
| ဗီလာ - နော့ဝှစ်ချ် | ည ၈း၃၀ |
| ဆောက်သမ်တန်-ပဲလေ့စ် | ည ၈း၃၀ |
| ဝက်ဖို့ဒ် - ဘန်လေ | ည ၈း၃၀ |
| ဝုဖ် - ဘရိုက်တန် | ည ၈း၃၀ |
| လိဒ်စ် - မန်စီးတီး | ည ၁၁း၀၀ |
| ၁-၅-၂၀၂၂ | တနင်္ဂနွေနေ့ |
| အဲဗာတန် - ချယ်ဆီး | ည ၇း၃၀ |
| စပါး - လက်စတာ | ည ၇း၃၀ |
| ဝက်စ်ဟမ်း - အာဆင်နယ် | ည ၁၀း၃၀ |
| ၂-၅-၂၀၂၂ | တနင်္လာနေ့ |
| မန်ယူ - ဘရန့်ဖို့ဒ် | နံနက် ၁း၃၀ |

| ဝက်စ်ဟမ်း၏ ငါးပွဲရလဒ် | | |
|---|---|---|
| ဝက်စ်ဟမ်း | ၁-၁ | လိုင်ယွန် |
| ဘရန့်ဖို့ဒ် | ၂-၀ | ဝက်စ်ဟမ်း |
| လိုင်ယွန် | ၀-၃ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁-၁ | ဘန်လေ |
| ချယ်ဆီး | ၁-၀ | ဝက်စ်ဟမ်း |

| အာဆင်နယ်၏ ငါးပွဲရလဒ် | | |
|---|---|---|
| ပဲလေ့စ် | ၃-၀ | အာဆင်နယ် |
| အာဆင်နယ် | ၁-၂ | ဘရိုက်တန် |
| ဆောက်သမ်တန် | ၁-၀ | အာဆင်နယ် |
| ချယ်ဆီး | ၂-၄ | အာဆင်နယ် |
| အာဆင်နယ် | ၃-၁ | မန်ယူ |

## လိဒ်စ် VS မန်စီးတီး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** မန်စီးတီး ၇-၀ လိဒ်စ်

မန်စီးတီးက ချန်ပီယံဖြစ်ဖို့ အမှားခံလို့မရတာကြောင့် ခြေကုန်ထုတ်လာမှာပါ။ လိဒ်စ်အသင်းကလည်း တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အာရုံစိုက်ကစားလာမှာပါ။ ဒါ့အပြင် လိဒ်စ်အသင်းက ပထမအကျော့မှာ မန်စီးတီးကို ဂိုးပြတ်ရှုံးနိမ့်ထားသလို ဒီရာသီမှာ အသင်းကြီးတွေနဲ့ တွေ့ဆုံတိုင်းလည်း ဂိုးပြတ်ရှုံးနိမ့်ထားတဲ့အတွက် ယခုပွဲစဉ်မှာလည်း မန်စီးတီးကို အနိုင်ရဖို့ မလွယ်ဘူး။ မန်စီးတီးအသင်း ရလဒ်ကောင်းရရှိမယ်။

## အဲဗာတန် VS ချယ်ဆီး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** ချယ်ဆီး ၁-၁ အဲဗာတန်

အဲဗာတန်က တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့် ရုန်းထွက်နိုင်ဖို့ နိုင်ပွဲရရှိရေး ဦးတည်လာမှာပါ။ ချယ်ဆီးက ယခုပွဲစဉ်မတိုင်မီ မန်ယူအသင်းနဲ့ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ အဲဗာတန်အသင်း ကပ်နိုင်မယ်။

## ဗီလာ VS နော့ဝှစ်ချ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** နော့ဝှစ်ချ် ၀-၂ ဗီလာ

လက်ရှိမှာ ဗီလာအသင်းရဲ့ခြေစွမ်း ကျဆင်းနေတယ်။ ပြိုင်ဘက်နော့ဝှစ်ချ်က နှစ်ပွဲဆက်ရှုံးနိမ့်မှုနှင့်အတူ တန်းဆင်းခဲ့ရပြီ ဖြစ်တယ်။ နှစ်သင်းစလုံး ရလဒ်ကောင်းရရှိရေး ကြိုးစားလာမှာဖြစ်ပေမယ့် နော့ဝှစ်ချ်အသင်းထက် ဗီလာအသင်း နိုင်ဖွယ်ရာရှိတယ်။

## ဝက်စ်ဟမ်း VS အာဆင်နယ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** အာဆင်နယ် ၂-၀ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းက နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားပြီး အာဆင်နယ်က ချယ်ဆီး၊ မန်ယူအသင်းတို့ကို နှစ်ပွဲဆက်နိုင်ပွဲရရှိထားတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် ကြိုးစားလာမယ့် အာဆင်နယ်အသင်း ခက်ခက်ခဲခဲကစားပြီး နိုင်ပွဲရရှိမယ်။

## ကာဆယ် VS လီဗာပူး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** လီဗာပူး ၃-၁ ကာဆယ်

ကာဆယ်အသင်းရော လီဗာပူးအသင်းပါ နောက်ဆုံးလေးပွဲဆက် နိုင်ပွဲရရှိထားတယ်။ လီဗာပူးအသင်းက ချန်ပီယံဖြစ်ရေး အမှားခံလို့မရတဲ့အတွက် အနိုင်ရရှိရေးအာရုံစိုက်လာမှာပါ။ ကစားရခက်ခဲပြီး လီဗာပူးအသင်း နိုင်ပွဲရမယ်။

## စပါး VS လက်စတာ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** လက်စတာ ၂-၃ စပါး

နှစ်သင်းစလုံး နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့အတွက် ယခုပွဲစဉ်မှာ နိုင်ပွဲရရှိရေးပြင်ဆင်လာမှာပါ။ လက်စတာအသင်းထက် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတဲ့ စပါးအသင်း နိုင်ဖွယ်ရာရှိတယ်။

# ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့၌ ဖရန့်ဖတ်ကို ရှုံးနိမ့်ခဲ့သည့် ဝက်စ်ဟမ်း

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းနှင့် ဂျာမန်ကလပ် ဖရန့်ဖတ်အသင်းတို့ပွဲစဉ်ကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဖရန့်ဖတ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ဖရန့်ဖတ်အသင်းကို ဂိုးကန်သွင်းခွင့်အသာ၊ ခြေအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိလာသည့်အခွင့်အရေးများကို အသင်းကစားသမားများ အဆုံးသတ် မသေချာမှုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ဦးဆောင်ဂိုးကို ဧည့်သည်ဖရန့်ဖတ်အသင်းက ပွဲချိန် တစ်မိနစ်တွင် ရရှိခဲ့ပြီး ကနော့ဖ်က သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် အန်တိုနီယိုက သွင်းယူပေးခဲ့သည်။ ဖရန့်ဖတ်အသင်းအတွက် အနိုင်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ကာမာဒါက သွင်းယူပေးခဲ့သည်။

ထို့နောက် နှစ်သင်းစလုံးလူစားလဲမှုများပြုလုပ်ကာ ဂိုးရရှိရေးကြိုးစားလာသော်လည်း ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဖရန့်ဖတ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဆီမီးဖိုင်နယ်ပထမအကျော့တွင် ပြတ်သားသည့်ရလဒ်ထွက်ပေါ်ထားခြင်းမရှိသောကြောင့် မေ ၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့တွင် ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရတော့မည် ဖြစ်သည်။



# ပရီမီယာလိဂ် (၃၇) ပွဲကြိုတွင် ချယ်ဆီးကို သရေကျခဲ့သည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၃၇) ပွဲကြိုအဖြစ် မန်ယူအသင်းနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ချယ်ဆီးအသင်းသည် ခြေစွမ်းကောင်းမွန်ခဲ့သော်လည်း တိုက်စစ်စွမ်းဆောင်ရည်အားနည်းမှုကြောင့် သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။

မိနစ် ၆၀ တွင် ချယ်ဆီးအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဟာဗက်ဇ်၏ ဖန်တီးမှုမှ အလွန်ဆိုက သွင်းယူပေးခဲ့သည်။ သို့သော်လည်း ဦးဆောင်ဂိုးရရှိပြီး နှစ်မိနစ်အကြာတွင် ချေပဂိုးခွင့်ပြုပေးခဲ့ရသည်။ မန်ယူအသင်းအတွက် အဆိုပါ ချေပဂိုးကို မာတစ်၏ ဖန်တီးမှုမှ စီရော်နယ်ဒိုက သွင်းယူပေးခဲ့သည်။ စီရော်နယ်ဒို၏ အဆိုပါ သွင်းဂိုးသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၁၇ ဂိုးမြောက်ကို သွင်းယူရရှိခဲ့ခြင်း ဖြစ်သည်။

# တိုက်စစ်ကစားသမား ဒင်းနစ်ကို ဗီလာရီးရဲနည်းပြ အမ်မရီ ခေါ်ယူလို



ဗီလာရီးရဲအသင်းနည်းပြ အူနိုင်း အမ်မရီသည် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ ကာလတွင် ဝက်ဖို့ဒ် အသင်းမှ တိုက်စစ်ကစားသမားဒင်းနစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့်ရာသီက ပေါင် သုံးသန်းဖြင့် ကလပ်ဘရုဂ်အသင်းမှ ဝက်ဖို့ဒ်အသင်းကို ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင် ခြေစွမ်းပြသထားနိုင်သူ ဖြစ်သည်။ ဝက်ဖို့ဒ်အသင်းသည် တန်းဆင်းဇုန်အတွင်း ကျရောက်နေသော်လည်း တိုက်စစ်ကစားသမား ဒင်းနစ်အနေဖြင့် ယခုနှစ်ရာသီတွင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၃ ပွဲ ပါဝင်ကစားထားပြီး ၁၀ ဂိုး သွင်းယူပေးထားသည်။

ဝက်ဖို့ဒ်အသင်းသည် ဒင်းနစ်ကို အသင်းတွင် ဆက်လက်ထိန်းထားလိုသော်လည်း ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရပါက အဆိုပါ ကစားသမားကို ရောင်းထုတ်သွားဖွယ်ရှိနေသည်။

■ မိုးဇက် - စုစည်းသည်

## သတင်းတိုများ



- ■ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်သည် ပခုံးဒဏ်ရာကြောင့် မက်ဒရစ် အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်လိုက်သည်။ ဆွီယာတက်ခ်သည် ယခုနှစ်ရာသီတွင် ဒိုဟာဖလား၊ အင်ဒီးယန်းဝဲလ်ဖလား၊ မီယာမီဖလားနှင့် စတုဂတ်ဖလားတို့ကို ဆွတ်ခူးထားသည်။
- ■ မန်ယူအသင်းသည် လိဒ်စ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဖီးလစ် (၂၆နှစ်) ကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူလိုနေသည်။
- ■ ဒေ့ါမွန်အသင်းသည် မန်ယူက ခေါ်ယူရန် ကြိုးပမ်းနေသည့် အိုင်းယက်စ်မှ တိုက်စစ်မှူး ဟယ်လာကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ■ ယူအက်စ်အိုးပင်းတင်းနစ်ချန်ပီယံ ရာဒူကာနူသည် ဂျာမန်လူမျိုးနည်းပြ ဘဲလ်ဇ်နှင့် ငါးလကြာ လက်တွဲပြီးနောက် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သိရသည်။
- ■ နွေရာသီတွင် နူးကမ့်၌ စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော ပြင်သစ်တိုက်စစ်ကစားသမား အိုဆွန်မီ ဒမ်ဘီလီသည် လုပ်ခလစာလျှော့ယူပြီး ဘာစီလိုနာအသင်း၌ စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေသည်။
- ■ အာဆင်နယ်အသင်းသည် ရာသီကုန်တွင် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသည့် နီကိုလပ်စ်ပီပီ၏ အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်သည်။
- ■ လက်စတာအသင်းသည် ကွန်ဖရင့်လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့တွင် ရိုးမားကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

၁။ ၂၀၂၂ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ကျင်းပမည့် (၃၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၂၇၈၇၈၈) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သိန်း (၂၇၈၇.၈၈၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သိန်း (၁၉၅၁.၅၁၆) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သိန်း (၉၃၀.၅) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၇) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၈) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၀) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၃) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၃) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၉၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သိန်း(၉၃၀.၅)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၄၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ် ငါး သောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၃၈)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၅-၂၀၂၂) ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---

### မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
### မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး
### မကွေးမြို့
### အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေခေါင်းစဉ်အောက်မှ မကွေးတိုင်းဒေသကြီးအတွင်း ရှိ အခြေခံပညာကျောင်းပေါင်း (၂၀၀)တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၅-၂၀၂၂ရက်
(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၁၄-၅-၂၀၂၂ရက် (၁၆:၃၀)နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး
(ဃ) တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ထပ်မံကြေညာပါမည်။

၂။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါ လိပ်စာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၆၃-၂၀၂၈၆၇၁သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

### ပြင်ဆင်ချက်ထုတ်ပြန်ခြင်း

၂၈-၄-၂၀၂၂ရက်စွဲပါ မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြခဲ့သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မုံရွာစီးပွားရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် မဟာဘွဲ့သင်တန်းများအတွက် ဝင်ခွင့် လျှောက်လွှာခေါ်ယူခဲ့သည့် ကြော်ငြာတွင် ပါဝင်သည့်ရက်များအနက် သင်တန်းနှင့် သက်ဆိုင်သော လျှောက်လွှာပုံစံ စတင်ရယူနိုင်သည့်ရက်ကို ၂၆-၅-၂၀၂၂ အစား ၂-၅-၂၀၂၂သို့ ပြင်ဆင်လိုက်ပါသည်။

ထို့ပြင် ယခင်သတင်းစာကြော်ငြာတွင် ဖော်ပြခဲ့သည့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ အမည်(အင်္ဂလိပ်)အတိုကောက်မှာလည်း MDevs အစား MDevS(Master of Development Studies)သို့ ပြင်ဆင်လိုက်ပါသည်။

**မုံရွာစီးပွားရေးတက္ကသိုလ်**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် - ၇၄၇

ဒေါ်ဝင်းသန္တာ နှင့် ၁။ ဒေါ်ခင်နီလာမောင်ထွန်း
၂။ ဦးသူရိန်ထွန်းထွန်း
(ကွယ်လွန်သူ ဒေါ်ဘာသီ(ခ) ဒေါ်ခင်မာကြူ၏ တရားဝင်ကိုယ်စားလှယ်များ)
၃။ ဒေါ်မြင့်မြင့်စန်း
၄။ ဒေါ်အေးအေးသင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၇၅)နေ (၁) တရားပြိုင် ဒေါ်ခင်နီလာမောင်ထွန်းနှင့် (၂) တရားပြိုင် ဦးသူရိန်ထွန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက လိမ်လည်၍ချုပ်ဆိုသော စာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ ဂရန်မူရင်းနှင့်တကွ အိမ်နှင့်မြေလက်ရောက်ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၁၆ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဧပြီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွေး)**
**ဒုတိယခရိုင်တရားသူကြီး (၁၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁^က/ဥတ္တရသီရိ တောင်ရပ်၊ မြေရိယာ ၀ဒသမ ၂၉ဧက၊ မြေကွက်အမှတ် (ဥ-၅၉၃၈)၊ ဒေါ်သူဇာခိုင် (ဘ)ဦးဗိုလ်သောင်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးကျော်ဝဏ္ဏဟန် ၅/ကလတ(နိုင်)၂၄၃၄၅၄ (ဘ)ဦးတင်မောင်လှမှ နေပြည်တော်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၅/၂၀၂၂ (၁၈-၁-၂၀၂၂)တင်ပြ၍ ဒေါ်စိုးစိုးရီ ၁၂/လသန(နိုင်)၀၁၀၇၇၀ (ဘ)ဦးထွန်းရီ အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---


### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြင်းခြံမြို့၊ အမှတ် (၁၆)ရပ်ကွက်၊ နယ်မြေ (၁၄)မှ ဒေါ်ချောစုရင်၏ အမည်မှန်မှာ ဒေါ်ချောစုယဉ် ၉/မခန (နိုင်)၁၄၂၀၂၈ ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၂၈-၁-၁၉၈၀ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/20598, Honda Click 125, ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိန် ၈/ရစက(နိုင်)၀၁၈၈၃၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၉၂၅၉, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ရဲလင်း ၁၄/ကကထ(နိုင်) ၁၈၀၇၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9U/5033 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/1749 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရလပ-၂၆၊ မြေကွက် အမှတ် ၁၀၄၂၊ အကျယ်အဝန်း(၄၀x ၆၀)ပေ ၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် အမှတ် ၁၀၄၂၊ စံပယ်လမ်း၊ ရလပ-(၂၆) ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ရှင် ဒေါ်ခင်စန္ဒာ စိုး ၁၂/အစန(နိုင်)၂၃၆၅၀၂ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို **ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမျိုးဇော်ဦး**
**၁၂/သခန(နိုင်)၀၇၇၀၄၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၈၃၂)**
**ဒေါ်တင်ဇာအေးကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊**
**၀၉-၇၇၀၀၇၃၅၆၁**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့၊ အမှတ် ၃/ ၁၀၇၊ မြေအကျယ်အဝန်း၊ အလျား (၂၅)ပေ X အနံ (၅၀)ပေရှိ ဦးရွှေမောင် အမည်ပေါက် ပါမစ်မြေအမျိုး အစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ထောက်ကြန့်တိုးချဲ့၊ မြမာလာလမ်းသွယ်၊ အမှတ် ၃/ ၁၀၇ ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်သန်းစိန်(ဘ)ဦးစို ၁၂/မဂဒ(နိုင်)၀၃၈၅၇၉ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ၂၇-၄-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေကွက် အရောင်းအဝယ် စရန်ပေး ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၅၊ မြေညီထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၂၁၀၇၄၆၀၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/5862 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6627 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/7007 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/7099 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ပင်လောင်းမြို့၊အရှေ့ရပ်ကွက်နေ ဦးချွန်၏သမီး အမည်မှန်မှာ နန်းထွေးနု (ခ) နန်းသန်းငွေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၁-၅-၁၉၇၁ ဖြစ်ပါသည်။

**နန်းထွေးနု (ခ) နန်းသန်းငွေး**

**သင့်ဘဝအတွက် အောင်မြင်ရေး ယတြာလိုအပ်ရင်**
**နိုင်ငံခြားဖြန့် ဂမ္ဘီရနက္ခတ်ပညာရှင် ဦးသင်းငွေအောင် နှင့် တိုင်ပင်ပါ။**
(၁)အပြိုင်အဆိုင်အနိုင်ရ၊အောင်မြင်ရေး (၂)စီးပွားတက်/ရာထူးတက်/ရာထူးမြဲ (၃)အိမ်၊ခြံ၊ကားအမြန်ရောင်းထွက်(၄)နိုင်ငံခြားခရီး၊အလုပ်ရ၊သင်္ဘောတက် (၅)အိမ်ထောင်မြဲ၊ချစ်သူမြဲ၊ပြန်ပေါင်း၊ကွာရှင်း(၆)လူပြေး၊လူပျောက်၊အန္တရာယ်ကင်း ပြန်လာ၊(၇)ရောဂါပျောက်၊ဘေးကင်း၊ကျန်းမာသက်ရှည်ယတြာ၊
**အောင်သိဒ္ဓိနဝရတ်လက်စွပ်နှင့် ဂမ္ဘီရအစီအရင်များအထူးပြုလုပ်ပေးထည်။**
(ကလေးအမည်၊ ကုမ္ပဏီ၊ လုပ်ငန်းအမည်များ သီးသန့်တွက်ပေးသည်။)
**(နယ်/ရန်ကုန်) Ph: 09-5010196 သို့ဆက်သွယ်တိုင်ပင်နိုင်ပါသည်။**
**ယ/၂၈၉၊(ဝေပုလ္လအနီး)ခေမာသီလမ်းမ၊ မ/ဥက္ကလာ၊ရန်ကုန်။**

## ပျောက်ဆုံးကြောင်း

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်းမနေ (၃၉၀/က) ဒေါ်စန်းနွဲ့(ဘ)ဦးကြည်မြင့် ၈/ပခက(နိုင်)၂၂၄၃၁၀ သည် ၁၈-၄-၂၀၂၂ရက်တွင် ခရီးသွားပြီး ၂၆-၄-၂၀၂၂ရက်တွင် ပြန်ရောက်ရာ နေအိမ်တွင် ထားရှိခဲ့သော ၂၀ ရပ်ကွက်၊ မင်းရာဇာ ၁ လမ်း၊ ယ/၁၀၃ မြေကွက်စလစ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဒေါ်စန်းနွဲ့**
**၈/ ပခက(နိုင်)၂၂၄၃၁၀**
**ဖုန်း-၀၉-၇၇၈၆၆၉၆၆၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

သာစည်မြို့နယ်၊ သပြေဝကျေးရွာ အုပ်စု၊ သပြေဝကျေးရွာ ဒေါ်ကြည်ဝင်း ၄/ကပန (နိုင်)၀၀၂၁၁၀ (ဘ)ဦးဖိုးချစ် ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ကြည်ဝင်း၏သားဖြစ်သူ ကိုဇေယျာကျော်(ဘ)ဦးကျော်ဆွေ ၉/မသန(နိုင်)၁၂၁၈၈၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်မယူကြောင်း၊ ၎င်းမှာ မိသားစုနှင့် လုံးဝ သက်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်သက်သက်ရွှေ(LL.B) | ဒေါ်သျှင်ဝန်းညို(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၈၆၈) | (စဉ်-၅၄၃၉၃) |
| အောင်ဇေယျာ(၁၃)နယ်မြေ | စက်မှုဇုန်(၂)လမ်း |
| နန္ဒဝန်ရပ်ကွက်၊ မိတ္ထီလာမြို့ | မိတ္ထီလာမြို့ |

## ၁၉-၄-၂၀၂၂ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ ဒေါ်ခင်မျိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေ ဦးကျော်ကျော်မျိုး၏ကြေညာချက်အား ပြန်လည်ရှင်းလင်းတုံ့ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မိကဝတီလမ်း၊ အမှတ် (၂၂)၊ ၆-လွှာ(အေ)နေ ဒေါ်မေသန္တာဦး၊ ဦးအောင်မျိုးသက်နှင့် ဦးသက်တိုးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းတုံ့ပြန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန္တာဦးသည် အိမ်ထောင်မပြုမီ အသက်(၂၀)နှစ် အိမ်ထောင်ကျပြီးနောက်ပိုင်းအထိ ဖခင်၊ မိခင်တို့အား လစဉ်ဝင်ငွေအပ်၍ လုပ်ကိုင်ရှာဖွေကျွေးမွေးလာသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်း ကျေးရွာ၊ မင်းကျောင်းလမ်း၊ အမှတ်-၉/၁၁၉ နေအိမ်ကိုလည်း ပြန်လည်ပြင်ဆင်ခြင်း၊ ပရိဘောဂများအားလုံးကို ၎င်း၏ လုပ်အားခ၊ ချွေးနဲ့စာငွေများဖြင့် ရှာဖွေဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအောင်မျိုးသက်သည် ဒေါ်ခင်မျိုးမြင့်အား မိခင်သဖွယ်ရှိသေကာ စောင့်ရှောက်နေထိုင်လာခဲ့သူဖြစ်ပြီး အငယ်ဆုံးသားဖြစ်သူ ကိုသက်တိုးအောင်သည်လည်း ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကိုရီးယားနိုင်ငံသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ခဲ့ပြီး မိခင်ကိုထောက်ပံ့ပေးကမ်းခဲ့ကြောင်း၊ ဒေါ်ခင်မျိုးမြင့်ကြေညာသကဲ့သို့ လုံးဝပြုလုပ်ခဲ့ခြင်းမရှိကြောင်းကို အိမ်နီးနားပတ်ဝန်းကျင်အားလုံးသိရှိကြပြီး ဒေါ်ခင်မျိုးမြင့်၏ ကြေညာချက်များ လုံးဝ မှန်ကန်မှုမရှိကြောင်းနှင့် ယခုကဲ့သို့ မမှန်မကန်အချက်အလက်များဖော်ပြကာ သတင်းစာ၌ ကြော်ငြာခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ရေးသားဖော်ပြခြင်းများသည် ကျွန်ုပ်တို့မိတ်ဆွေများ၏ ကိုယ်၊ စိတ်၊ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသောကြောင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်အသိပေးရှင်းလင်းတုံ့ပြန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဆုမြတ်မွန် | ဒေါ်သူဇာထွေး |
| (LL.B, D.B.L, D.I.L) | (LL.B,WIPO Switzerland) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၁၈) |

**အမှတ်-၁၀/၁၊ မြေညီထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၅၃၁၁၊ ၀၉-၂၅၄၁၄၅၄၃၀**

## ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ မေလ (၁)ရက်နေ့ အစား သင့်လျော်မည့်နေ့ရက် ပြောင်းလဲသတ်မှတ်ရန်ရှိခြင်း

လေးစား အပ်ပါသော

ကန်တော့ခံ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများနှင့်

ကျောင်းသား/သူ၊ ဆရာ၊ ဆရာမများ ခင်ဗျား

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် (၁၉+၂၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများ၏ ကူညီစီစဉ်ဆောင်ရွက်ပေးမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကန်တော့ခံ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား မြို့နယ်အလိုက် စုစည်း၍ လည်းကောင်း၊ အဝေးရောက်ကန်တော့ခံ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ဘဏ်ငွေလွှဲစနစ်ဖြင့်လည်းကောင်း၊ စုစုပေါင်း ကန်တော့ခံ ဆရာကြီး/ ဆရာမကြီး(၁၉၁)ဦးတို့အား ခက်ခက်ခဲခဲအောင်အောင်မြင်မြင် ပူဇော်ကန်တော့နိုင်ခဲ့ကြပါသည်။

(၂၁)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကိုမူ လာမည့် မေလ ၁ရက်နေ့တွင် ကျင်းပ ပြုလုပ်မည့်အစား အောက်တိုဘာလ ၅ ရက်၊ ကမ္ဘာ့ဆရာများနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် ရည်မှန်းကြိုးပမ်းကာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြင့် ကြိုတင် အသိပေးပန်ကြားအပ်ပါသည်။(သင့်လျော်သလို ထပ်ဆင့်အသိပေး အကြောင်းကြားပေးကြပါရန်)

**အာစရိယဂုဏ်သက္ကစ္စံ အပဟံဝန္ဒာမိ**

**အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး**
**အကျိုးဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းပွဲရုံဆိုင်ခန်း အမှတ် (ပ-၉၈)ဆိုင်ခန်းအား အမှတ် (၅၉၈)၊ (၂၈)လမ်း၊ ၈၃x၈၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့နှင့် အမှတ်-၂၂၉(အေ)၊ (၁၁)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တို့နေ ဒေါ်ဝါဝါမြင့် ၉/မရမ(နိုင်)၀၀၅၆၂၉ က အခွန်ထမ်းအမည်ပေါက်ပါသည်။

၂။ အဆိုပါ (ပ-၉၈)ဆိုင်ခန်းအား အမှတ် (၂၃၁)၊ လေးကျွန်းမာရ်အောင်လမ်း၊ (၇) ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်မြို့နှင့် (ပ-၈၁) ဘောဂသီရိကားဝင်း၊ ပျဉ်းမနားနေ ဦးဆာသရား ၁၂/သခန(နိုင်)၀၇၁၅၁၈သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့၊ အမှတ် ၄ ရပ်ကွက်နေ ဦးဝင်းနိုင်-ဒေါ်တုတ်တုတ် (ရွှေဒေသခေတ်ပုံ) တို့၏သမီး မထက်ထက်ဗို ၉/လဝန(နိုင်)၁၆၃၁၆၃ (B4U ဖက်ရှင်၊ ဂါဂါစိန်)အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား လုံးဝ(လုံးဝ)တာဝန်မယူပါ။

**ဦးဝင်းနိုင်၊ ဒေါ်တုတ်တုတ်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ဖြူမြို့၊ စေတီယ ရပ်ကွက်၊ ကယ်ဆယ်ရေးလမ်း၊ အိမ်အမှတ်(၃၅၄)နေ ဒေါ်မြနုခင်(ခ)ဒေါ်မေယောင်း ၁၁/ကဖန(နိုင်)၀၁၁၀၄၆၊ ဦးထွန်းမောင်တို့၏ သမီးဖြစ်သူ ဒေါ်ခင်လှရွှေသည် မိဘ မောင်နှမများ၏ ဆိုဆုံးမစကားကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ် ဆောင်ရွက်နေသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် မခင်လှရွှေနှင့် ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံးဝတာဝန်မယူ၊ မသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်မြနုခင်(ခ)ဒေါ်မေယောင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၈၅/၁၇)**
**ကျောင်းကြီးလမ်းရပ်ကွက်၊ စစ်တွေမြို့**

## အကြင်လင်မယားအဖြစ်မှ (လုံးဝ) ပြတ်စဲပြီးကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ မိချောင်းတစ်ရာကျေးရွာအုပ်စု၊ ဘဲဂရက်ကြီးကျေးရွာနေ ဦးအောင်သိန်း၏သမီးဖြစ်သူ ဒေါ်နွယ်နွယ်အောင်သည် ကန်ကြီးထောင့်မြို့နယ်၊ ထန်းပင်ကျေးရွာနေ ဦးဇော်လင်းနိုင်(ဘ)ဦးထွန်းမင်း ၁၄/ကကထ (နိုင်)၁၇၁၆၀၇ နှင့် ၂၀၁၁ ခုနှစ်ခန့်က အိမ်ထောင်ကျပြီးသား မောင်အောင်နိုင်းခန့် တစ်ဦး မွေးဖွားခဲ့ပါသည်။ ၎င်း၏ လူမှုရေးဖောက်ပြန်မှုများကြောင့် လင်မယားနှစ်ဦး စကားများရာမှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြောင်းကို ၂၀၁၉ ခုနှစ် (၉)လပိုင်းလောက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးထံတွင် မိခင် ဒေါ်ဝင်းမြင့်၊ ၎င်း၏မိခင် ဒေါ်သန်းအေးတို့နှင့်အတူ မျက်နှာစုံညီ နှုတ်ဖြင့်ကွာရှင်းခဲ့ခြင်းဖြစ်သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သို့ပါ၍ ခင်ပွန်းဖြစ်သူ ဦးဇော်လင်းနိုင်အား အကြင်လင်မယားအဖြစ်မှ လုံးဝပြတ်စဲကြောင်းနှင့် မည်သည့်ကိစ္စနှင့်မျှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနွယ်နွယ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်လဲ့လဲ့ပြုံး (LL.B, CBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၅၄/၂၀၁၄)**
**ဖုန်း-၀၉-၇၇၃၇၇၇၈၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ နဝရတ်လမ်း၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ် ရေနံစက်ကွက်၊ မြေကွက်အမှတ် (၅၂၃)၊ မြေအကျယ်ပေ (၄၀x၆၀)အကျယ်ရှိ ဦးလှမောင်အမည်ပေါက် လ/န-၃၉ ရရှိပြီး မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းထိန် ၁၂/တမန(နိုင်)၀၉၆၄၇၈ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်စီ ၁၂/ကမတ(နိုင်)၀၀၄၄၇၀က ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးအောင်ထက်ကျော် (LL.B) | ဒေါ်ထက်ထက်လတ် (LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၈၆၅၆/၂၀၁၇) | (စဉ်-၄၈၇၈၆/၂၀၁၇) |

**ရုံးခန်း-ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော် ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၃၅

| | | |
|---|---|---|
| ဒေါ်မေခိုင်ဖြိုးမြင့် | နှင့် | ဦးရန်အောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (၁၅၂၆)နေ ဦးရန်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မေ ၁၂ရက် (၁၃၈၄ ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏ သီရိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏ သီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၀၆၇)၊ မြေဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ ဦးတင်အောင်ငွေ (ဘ)ဦးအုန်းငွေ ၁၄/မအပ(နိုင်)၀၁၅၁၆၂ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးတင်အောင်ငွေထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၂၆/၂၀၂၁)၊ ၃၀-၉-၂၀၂၁ ရရှိထားသူ ဦးအောင်မျိုး(ဘ)ဦးသာဒေါင်း ၈/ရစက(နိုင်)၀၇၅၅၇၈ မှ ဒေါ်သန္တာခင် (ဘ) ဦးစံခင် ၁၂/ဒဂန(နိုင်) ၀၂၀၃၉၀ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ရောင်းမည်**
* ပုဂံမြို့သစ် (၁၄ခန်း)လိုင်စင်ရ ဟိုတယ်(60'x80')ထောင့်ကွက်
* မ/ဥ (55'x75') ဆေး၂အနီး
* မ/ဥ (34'x75') ဆေး၂အနီး
* မ/ဥ (14'x75') ဆေး၂အနီး

Ph 09 261186511, 09 953166459

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အေးမင်းကျော် ၈/ခမန(နိုင်)၁၈၄၆၃၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်မင်းအောင် ၈/ငဖန(နိုင်)၀၄၂၇၈၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မငွေးငွေးမြင့် ၈/ငဖန(နိုင်) ၀၄၄၃၂၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဇာခြည်ဝင်း ၈/ငဖန(နိုင်) ၀၅၂၆၀၃ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးကိုမင်း ၈/မလန (နိုင်)၀၇၈၆၉၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၀၊ မြေကွက်အမှတ် ၇၄၊ အကျယ် ၈၀' x၈၀'၊ ဧရိယာ ၀ဒသမ ၁၄၇ ဧက၊ စတုရန်းပေ ၆၄၀၀ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ တက္ကသိုလ်ရိပ်မွန် အိမ်ရာ၊ အမှတ် ၁၃ ဟုခေါ်တွင်သည့် နှစ်ထပ်တိုက်နေအိမ်အဆောက်အအုံကို ပိုင်ဆိုင်သည်ဟု အဆိုပြုသော ဦးအတီး(ခ)ဆက်တီး(ခ)ဦးစိုးတင့် ၁၂/ မဂတ(နိုင်)၀၇၄၇၅၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးလှရွှေ**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၉၁၂(၂၁-၃-၂၀၁၃)**

| | |
|---|---|
| ဒေါ်မေမြင့်မြတ် | ဒေါ်မြသက်ဝင်း |
| စဉ်-၅၀၉၈၂(၃၀-၄-၂၀၁၉) | စဉ်-၅၁၂၆၈(၂၈-၆-၂၀၁၉) |

**အထက်တန်းရှေ့နေများ**
**JURISTES Myanmar Litigation Law Firm**
**အမှတ် ၂၂၇၊ ပထမထပ်၊ အခန်းအမှတ် ၆၊ MTM Group Condominium**
**ဆိပ်ကမ်းသာလမ်း(အလယ်)၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၈၃၉၀၃၀၈၊ ၀၉-၈၈၀၁၁၂၂၇၉**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကျွန်စစ်သားလမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၁၃၁၈/၁၃၂၀) နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုအေး၊ ၁၃/ကလန(နိုင်)၀၀၃၅၆၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ တိုက်ခန်းအမှတ်(၁၈) မြေညီထပ်နှင့် ပထမထပ် (ခေါင်းရင်းခန်း) ဒေါ်နုနုအေး အမည်ပေါက် တိုက်ခန်း(၂)ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကျွန်စစ်သားလမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၁၃၁၈/၁၃၂၀) ဟုခေါ်တွင်သော ဦးတင်ဝင်း၊ ဒေါ်နုနုအေး ဂရန်အမည်ပေါက် ပေ(၄၀×၆၀) နှစ်ကွက်တွဲ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုအေးမှ လက်ရှိထားပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။

သို့ပါသောကြောင့် အထက်ဖော်ပြပါ တိုက်ခန်း(၂)ခန်းနှင့် မြေကွက်(၂)ကွက် အပါအဝင် နေအိမ်အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နုနုအေး၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဖြူဖြူဥ (Advocate)
LL.B, DBL, DML, DIR, DIL, C.A.E.S, C.B.D.S, WIPO (Switzerland),
Diploma in English, Master of Business Law (M.B.L)
တရားလွှတ်တော်ရှေ့နေ နှင့် ဥပဒေဆိုင်ရာအကြံပေး (စဉ် - ၁၃၅၃၁)
ရုံးခန်း - အမှတ်(၈)၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၃၉၁၅၁

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၉/ပန်းဘဲတန်း)၊ မြေကွက်အမှတ်(၀တ-၅၀)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိမြေသည် ဦးဝင်းနိုင် အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် RP No.97 of 2001-2002 ၊ မြေငှား ဂရန်သက်တမ်းမှာ ၇-၁၂-၂၀၀၁ မှ ၆-၁၂-၂၀၃၁ အထိဖြစ်ကြောင်း၊ ဦးဝင်းနိုင်သည် ၁၃-၄-၂၀၀၃ ရက်တွင် ကွယ်လွန်သွားသဖြင့် ဒေါ်ရီရီတင်သည် ဦးဝင်းနိုင်၏ တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် အဆိုပါမြေကွက်အား မိမိသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို ၅-၃-၂၀၁၉ ရက်တွင် ချုပ်ဆိုသည့်စာချုပ်အား စစ်ကိုင်းမြို့နယ်တရားရုံးတွင် ၂၂-၂-၂၀၁၉ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၁၁၉/၁၉ဖြင့် ကျမ်းကျိန်ဆိုခဲ့ပြီး ၎င်းမြေငှားဂရန်အနက်မှ မြေဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိမြေအား ၁၄-၇-၂၀၂၁ ရက်တွင် ဦးဌေးလွင်-ဒေါ်မြင့်မြင့်ဌေးတို့သည် ဒေါ်ရီရီတင်ထံမှ မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ၎င်းတို့အမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်း ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၄၅

**ကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ဆင်ဘိုးကျေးရွာအုပ်စု၊ မင်းတဲကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းမောင် ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ဆင်ဘိုးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၆၇/မင်းတဲကုန်း)၊ ဦးပိုင်အမှတ် (၁၆/၃)၊ ဧရိယာ ၁ ဒသမ ၀၁ ဧက ရှိ လယ်မြေအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်နွဲ့ကြည်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ မတ် ၁၁ ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည့်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ မတ် ၁၁ ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်နွဲ့ကြည်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ မေ ၂၆ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာရှိ တိုက်အမှတ်(၂၃/ဘီ)၊ (၆)လမ်း၊ အခန်းအမှတ်(၂၀၂၊ ဒုတိယထပ်)တိုက်ခန်းနှင့်ပတ်သက်၍ အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ်(၂၁)၊ အခန်း(၅လွှာ/ဘီ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးခိုင် ၁၂/မဂတ(နိုင်)၀၆၉၅၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာရှိ တိုက်အမှတ်(၂၃/ဘီ)၊ (၆)လမ်း၊ အခန်းအမှတ်(၂၀၂၊ ဒုတိယထပ်)ကို ဒေါ်အေးအေးခိုင်၏ ခင်ပွန်းဖြစ်သူ ဦးစိုးလွင် ၁၂/မဂတ(နိုင်)၀၂၄၃၈၃မှ အမည်ပေါက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းများသည် (၂၀၁၇/၂၀၁၈)ခုနှစ်တွင် ပျောက်ဆုံးသွားကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးစိုးလွင်မှာ ၁-၃-၂၀၁၂ခုနှစ်တွင် ကွယ်လွန်သွားပြီးဖြစ်၍ ဒေါ်အေးအေးခိုင်မှ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပျောက်ဆုံးသွားသည့် အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကွယ်လွန်သူ ဦးစိုးလွင်အမည်ပေါက်မှ ဇနီးဖြစ်သူ ဒေါ်အေးအေးခိုင်အမည်ပေါက်သို့ ပြောင်းလဲလျှောက်ထားခဲ့ကြောင်း၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀-၇-၂၀၁၈ ရက်တွင် ဒေါ်အေးအေးခိုင်အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် အမှတ်(A-3483)ကို တရားဝင်ပြန်လည်ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ယနေ့အချိန်ထိ ဒေါ်အေးအေးခိုင် အမည်ပေါက် တရားဝင်ပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးစိုးလွင် (ကွယ်လွန်)နှင့် ဒေါ်အေးအေးခိုင်တို့မှ ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ ပြုလုပ်ထားခြင်းမရှိကြောင်း ဒေါ်အေးအေးခိုင်၏ ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ရည်ညွှန်းချက်ပါတိုက်ခန်း၏ လက်ရှိအမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးခိုင်၏ သဘောတူညီမှု တစ်စုံတစ်ရာမရှိဘဲ အဆိုပါတိုက်ခန်းအား မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း (လုံးဝ)မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုပြုံး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၄၀)**
**ရုံးခန်း-အမှတ်(၅၂၉)၊ နွယ်သာကီ(၄)လမ်း၊ (က)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၇၇၇၈၇၄၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7630 Toyota Corolla Fielder NCE 12 SW (4x2)R ယာဉ်လက်ဝယ် ရှိသူ Daw Naw Hsar Karu ၁၂/မရက(နိုင်) ၀၄၇၆၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၃၇၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးလှရွှေ(AC-၀၀၅၀၇၀)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြတ်မြတ်မိုး (၉/လဝန(နိုင်)၀၂၂၅၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| ဒေါ်ဝင်းဝင်းဖြိုး | လွှဲအပ်ညွှန်ကြားချက်အရ – | ဦးဇော်မျိုးနိုင် |
|---|---|---|
| LL.B, D.B.L, D.I.L, U.F.L(Eng:) | | LL.B,D.B.L |
| အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄) | | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | | ဖုန်း - ၀၉၂၅၀၂၉၀၇၈၀၊ ၀၉၄၂၁၁၂၀၃၄၇ |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁၂) လမ်း၊ အမှတ်(၄၇၇/က)၊ (၆)ထပ်၊ (၂၄x၅၄)ပေအကျယ် ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးစန္ဒာအောင် ၁၂/ဥကတ(နိုင်)၀၁၃၈၂၂မှ ရောင်းချရန် ကမ်းလှမ်းရာ မိတ်ဆွေ ဦးညီညီအောင် ၅/ခဥန(နိုင်)၀၆၉၀၃၉က အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း | ဒေါ်စုပိုပိုဇော်ဝင်း |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) | (စဉ်-၅၄၈၃၅/၂၀၂၂) |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင် မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းလှိုင် ၇/ကတခ(နိုင်)၀၇၄၄၅၃ နှင့် ဒေါ်ကေသီမော် ၇/ကတခ(နိုင်)၀၀၁၁၄၇တို့ ပေါင်းသင်းစဉ် လက်ထက်ပွားပစ္စည်းအဖြစ် (၁) ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ တိုးချဲ့(၁)လမ်း၊ မြို့မ(၅)ရပ်ကွက်၊ အကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ မြေကွက်(၁)ကွက်၊ (၂) ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရွာမအနောက်ပိုင်းလမ်း၊ မြို့မ(၅)ရပ်ကွက်၊ (အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ အိမ်ခြံမြေ၊ (၃) ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ကွင်းအမှတ်(၈၃)၊ ကျောက်တံခါးကွင်း၊ ဦးပိုင်အမှတ် ၇၊ မြေကွက်အမှတ် ၁/က၊ ဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိ မြေကွက်(၁)ကွက်၊ (၄) ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မြို့မ(၄)ရပ်ကွက်ရှိ မြေကွက်အမှတ်(၁၀၅၀/၁၀၅၁/၁၀၅၂/၁၀၅၃/ ၁၀၅၄/၁၀၆၄/၁၀၆၃)ရှိ မြေကွက်(၇)ကွက် တည်ရှိခဲ့ပါသည်။

အထက်ပါ လက်ထက်ပွားမြေကွက်များအား ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းလှိုင်သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းမပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးမျိုးဝင်းလှိုင် ၇/ကတခ(နိုင်)၀၇၄၄၅၃ | ဒေါ်ထက်မြတ်စိုး LL.B |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇) |
| | ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊ |
| | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| | ဖုန်း-၀၉-၂၅၂၄၀၄၄၈၉ |

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထက(ခွဲ)(၅)ရပ်ကွက်မှ ဦးစံမောင်-ဒေါ်သန္တာခိုင်တို့၏ သမီး မအိမ့်မှူးခင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၁-၂၀၀၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5033 Subaru Samber ,P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်ကြည်စု ၁၃/တကန(နိုင်) ၁၂၁၉၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/14814 Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးအောင် ၁၄/ပသန(နိုင်) ၀၅၂၈၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 5E/2548 Toyota Hilux ယာဉ်ပိုင်ရှင်အမည် ဦးအောင်လွင် ၁၃/ကလန(နိုင်)၀၂၀၉၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ**
**(အောင်ပန်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ လူနေရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၁၁၇၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်၊ အလျား x အနံ(၄၀x၆၀)ပေရှိ ဒေါ်သန်းရွှေ ၁၂/ဥကတ(နိုင်)၀၅၄၂၂၃အမည်ဖြင့် မှတ်သားထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ အမှတ် ၁၁၁၇၊ ကုန်းဘောင်(၁၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသည့် ဒေါ်သန်းရွှေ ၁၂/ဥကတ(နိုင်)၀၅၄၂၂၃ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်နှင့် အဆောက်အအုံတန်ဖိုးငွေအချို့ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသောမှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း(စဉ်-၉၆၈၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၅၅၊ ပထမထပ်၊ အခန်း ၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၉၃၁၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊မြေကွက်အမှတ်(၁၄၄၁)၊မြေကွက်တည်နေရာအမှတ်(၁၄၄၁)၊(၉၀)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ဦးကျော်မင်းဟန်(၁၂/ပဇတ(နိုင်)၀၀၁၆၄၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားဂရန်အမည်ပေါက်ဦးကျော်မင်းဟန်(၁၂/ပဇတ(နိုင်)၀၀၁၆၄၈)(ခင်ပွန်း)ကွယ်လွန်သဖြင့်(ဇနီး)ဖြစ်သူဒေါ်မေအိမွန်(၁၂/ကတက(နိုင်)၀၂၆၆၉၇)မှခင်ပွန်းဖြစ်သူသေစာရင်း၊တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းနှင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်၁၇၉၆/၂၀၂၁(၆.၁၂.၂၀၂၁)ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အိမ်ထောင်စုလူဦးရေစာရင်းနှစ်(၆၀)ဂရန်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်(မြေပုံကူး)လျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မောင်မင်းခက်မင်း ၁၂/မရက(နိုင်)၁၅၄၆၇၁နှင့် မချိုလဲ့ရီ ၁၂/စခန(နိုင်)၀၇၆၆၂၇တို့အား သား/သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ် ၄(၃လွှာ)နေ ဒေါ်ခိုင်မေဦး ၁၄/ကပန(နိုင်)၀၉၆၃၇၈တို့မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ၏ သား/သမီးများဖြစ်သူ မောင်မင်းခက်မင်း ၁၂/မရက(နိုင်) ၁၅၄၆၇၁ နှင့် မချိုလဲ့ရီ ၁၂/စခန(နိုင်)၀၇၆၆၂၇သည် မိခင်၏ အကြိမ်ကြိမ်ပြောဆိုဆုံးမမှုများအား နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့ကြပြီး မိသားစုနှင့်အတူ နေအိမ်တွင်နေထိုင်ခြင်းမရှိကြ၍ ယနေ့မှစတင်ပြီး အမွေစားအမွေခံတရားဝင် သား/သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင်တွင် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခိုင်မေဦး**
**အမှတ် ၄(၃လွှာ)၊ ဦးဖိုးလမ်း၊ စမ်းချောင်း(တောင်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

| | | |
|---|---|---|
| ဒေါ်အေးမြသီတာ | နှင့် | ဗိုလ်မှူး သိန်းဦး(ငြိမ်း) |
| (၎င်း၏အခွင့်ရကိုယ်စားကိုယ် ဒေါ်နန်းမိုးနှင်းဖြူ) | | |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားနေ ဗိုလ်မှူးသိန်းဦး(ငြိမ်း) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက် (၁၃၈၄ခုနှစ် ကဆုန်လဆုတ် ၁၃ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသူတို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် ၂၄၅၊ အကျယ်အဝန်း(၄၀'x၆၀')ပေရှိ ဒေါ်မြမြဝင်း အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခိုင်မွန်ကျော် ၅/ကဘလ(နိုင်)၁၆၂၀၇၉ မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းချသည့်တန်ဖိုးငွေအနက်မှ တစ်ချို့ကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကျွန်ုပ်ထံ (၇) ရက်အတွင်း လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဗန်လားငှကီး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၀၅၆)**
**အမှတ် ၆/၁၁၊ ၃၆ လမ်းတို၊ အခန်း(၃၀၂)၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၇၉၅၈၉၈၀၈၃**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်ဇေယျရပ်ကွက်၊ အောင်မြေလမ်း၊ အမှတ်(၁/၄၇)နေ ဒေါ်ခင်ဝတီစိုး(ဘ)ဦးထွန်းစိုးနှင့် ဦးအောင်သူရ(ဘ)ဦးစံဦးတို့မှာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပြီး ၁၈-၄-၂၀၁၅ ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။

ဒေါ်ခင်ဝတီစိုးနှင့် ဦးအောင်သူရတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ၁၉-၁၀-၂၀၂၁ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်သူရနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ဝတီစိုးမှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ထပ်လောင်းကြေညာအပ်ပါသည်။

**ဒေါ်ခင်ဝတီစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝေထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၄၈၄၈(၃၁-၇-၂၀၁၈)**
**အမှတ်(၁၁၇/၅)၊ ဝေဇယန္တာလမ်း၊**
**ညောင်ပင်သာရပ်ကွက်၊ ကလေးမြို့**
**ဖုန်း-၀၉-၂၅၆၁၅၆၂၄၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ် ၂၈၂(က)၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ မြေကွက်တည်နေရာအမှတ် (၂၈၂/က)၊ သီရိမင်္ဂလာပတ်လမ်း၊ ၅ ရပ်ကွက်၊ ရွှေပြည်သာ ဒေါ်သန်းအောင် ၁၂/အစန(နိုင်) ၁၅၇၅၄၄ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သန်းအောင် ၁၂/အစန(နိုင်)၁၅၇၅၄၄ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုချိုဦးမှ တရားလို ပြုလုပ်၍ ရွှေပြည်သာမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၆/၂၀၂၁(၁၁-၅-၂၀၂၁)ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုဖြင့် ဒေါ်သန်းအောင် အား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် ၇/၂၀၂၁(၂၉-၁၀-၂၀၂၁)အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဘီလစ်ဒေါ်ငုဝါ ၁၂/လမန(နိုင်)၀၂၉၆၃၃ မှ တရားရုံး ဒီကရီ အထောက်အထားများ၊ တရားရုံးမှ ခန့်အပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ ဂရန်မူရင်းတို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အမှတ် (၈/က)နေ ဒေါ်ညွန့်ရီ ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဘုန်းလွင်-ဒေါ်ချောအိမင်း၊ ဒေါက်တာညီညီလွင်-ဒေါက်တာလွင်မာသိန်း၊ ဒေါက်တာ ဇာခြည်လွင် တို့၏ချစ်လှစွာသောဖခင်ကြီး ဦးတင့်လွင်(ခ)အမော အသက် (၇၆)နှစ်သည် ၂၈-၄-၂၀၂၂ရက် (ကြာသပတေးနေ့) ညနေ ၃:၃၇ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း - ဒေါ်ခင်ချိုအုန်း**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီမံရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းရီ၏ ခင်ပွန်းဖြစ်သူ ဦးစိုးအောင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) အသက်(၆၃)နှစ်သည် ၂၉-၄-၂၀၂၂ရက် နံနက် ၀၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တ ညွှန်ကြားရေးမှူးချုပ်နှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးကျင် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း)
### အသက် (၉၈)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဗိုလ်ချုပ်လမ်းနေ ရှေ့နေ (ဦးမြဒင်-ဒေါ်မြမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၁၁၀)၊ အခန်း (၁)၊ ရန်ကင်းလမ်းသွယ် (၁၁)နေ (ဦးခင်မောင် ဒုတိယအတွင်းဝန်-ငြိမ်း)၏ဇနီး၊ ဒေါ်ဝင်းမာခင်၊ ဦးထွန်းအောင်ခင်- ဒေါ်ဥမ္မာဆွေတို့၏ မွေးသမိခင်၊ ကိုအောင်ဇေယျ-မနန်းထိုက်ဝေယံဝင့်၊ မန္တေးန္တေးအောင်ခင်၊ ကိုသန်းထိုက်ဇော်၊ ကိုနေလင်းခန့်တို့၏ ချစ်လှစွာသောအဘွားသည် ၂၉-၄-၂၀၂၂ရက် နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဝါဝါဝင်းဟန်
### အသက်(၅၂)နှစ်

ဗိုလ်ကြီးဇော်အောင်(ငြိမ်း)၏ ချစ်လှစွာသော ဇနီး ဒေါ်ဝါဝါဝင်းဟန်သည် ၂၇-၄-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့် မိသားစုများ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဗိုလ်မှူးလှသိန်း(ငြိမ်း) (BEME)
### အသက် (၇၄)နှစ်

ပြည်မြို့၊ ကသည်းတန်းနေ (ဦးပါ-ဒေါ်အေးကြည်)တို့၏သား၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ခူဝံလမ်း၊ အမှတ် (၃)နေ (ဦးလှရွှေ-ဒေါ်တင်ဦး)တို့၏သားသမက်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ခတ္တာလမ်း၊ အမှတ် (ဧ/၇၂)နေ ဒေါ်ကြူကြူ၏ ခင်ပွန်း၊ ဒုမှူးကြီး မြတ်သိန်း (စ.အ.ရ၊ ၉၀၅)-ဒေါ်နှင်းပွံ့ပွံ့၊ ဒုမှူးကြီး ကျော်သိန်း (ခ.လ.ရ-၁၂၃)-ဒေါ်စုမွန်မမ၊ ဗိုလ်မှူး လှမျိုးကျော် (စစ်တက္ကသိုလ်၊ ကွန်ပျူတာနည်းပညာဌာန)-ဒေါ်စုငြိမ်းအေးတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၂၂ရက် ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် **၃၀-၄-၂၀၂၂ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့** ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်နှင်းဦး
### မြန်မာ့အာမခံလုပ်ငန်း (ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၁)၊ တိုက်အမှတ်(၂၃၆/၆) နေ (ဦးကျော်စိန်-ဒေါ်တင်ညွန့်)တို့၏သမီးကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်(၁၀၉/၇)နေ ဦးနိုင်လင်း (ညွှန်မှူး၊ ငြိမ်း) မြန်မာ့ဆက်သွယ်ရေးဝန်ကြီးရုံး၏ဇနီး၊ (ဦးစိုးမင်းဦး)၊ ဦးစိုးမင်းထွန်း-ဒေါ်နော်ထွေးရင်တို့၏ ညီမ၊ ဒေါ်ခင်စမ်းယု (တွဲဖက်ပါမောက္ခ၊ငြိမ်း)၊ သတ္တဗေဒဌာန၊ ပဲခူးတက္ကသိုလ်၊ ဦးစိုးလင်း- (ဒေါ်အေးအေးဝင်း)တို့၏ အစ်မ၊ မနှင်းသီရိနိုင်-ကိုစိုင်းနေဝန်းမြင့်၊ ကိုဇင်မိုးနိုင်တို့၏မိခင်၊ တူ-တူမ ခြောက်ယောက်တို့၏ကြီးကြီး၊ စိုင်းညာဏနေဝန်း၏ ဘွားဘွားကြီး ဒေါ်ခင်နှင်းဦး သည် ၂၈-၄-၂၀၂၂ ရက် မွန်းလွဲ ၁၂:၅၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ခင်အေး (Ivy Lunn Maung)
### B.A
### အသက်(၉၄)နှစ်

သာယာဝတီခရိုင်မင်းလှမြို့နေ (ဆရာဝန်ကြီး ဒေါက်တာလွန်းမောင်-ဒေါ်မိမိကြီး ) တို့၏သမီး၊ တောင်တွင်းကြီးမြို့နေ (ဦးဘဂျမ်း-ဒေါ်စိန်သိုက်)တို့၏ချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်း၊ တိုက်အမှတ် ၂၈၃၊ အခန်း(၄)နေ (ဦးမောင်မောင်အေး) အမှုဆောင်အင်ဂျင်နီယာ(အငြိမ်းစား) ဆလရ B.Sc(Engg)(1954)၏ဇနီး၊ ဦးငွေအောင်-ဒေါ်မိမိခင်၊ ဦးအောင်တိုး-ဒေါ်မြမြအေး၊ ဦးသန်းထွဋ်အေး-ဒေါ်အေးအေးမိုးတို့၏မွေးမိခင် မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်ခင်ခင်အေးသည် ၂၇-၄-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ကွယ်လွန်သွားပါသောကြောင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/39177 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသန္တာမျိုးမြင့် ၉/အမဇ(နိုင်)၀၀၈၃၉၀က က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်**

### ပျောက်ဆုံးကြောင်း

Myanmar Golden Fruits Agricultural Company Limited မှ ၂၀၂၁ ခုနှစ် (၁၀လ၊ ၁၁လ၊ ၁၂လ) ၃လစာ Ed စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၀၉၉၈၆၅**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/1061 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/2091 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းတောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် (၃၈)မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၊ အဆောက်အအုံမှ (မြေညီ+ပထမထပ်ထောင့်ခန်း) အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချောစုစံ ၁၃/တကန(နိုင်)၃၅၄၆၈၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်တော် ဦးလှဆန်း ၁၂/မဂတ(နိုင်)၀၃၀၆၀၂မှ စရန်တချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဆန်း ၁၂/မဂတ(နိုင်)၀၃၀၆၀၂**
**ဖုန်း-၀၉-၅၀၁၄၄၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ယောမင်းကြီးလမ်း၊ မြေကွက်အမှတ်(၄၆၆)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးစိုးရှိန်(၁၂/မဘန(နိုင်)၀၁၃၃၀၄) အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးမြတ်မြတ်ထွေး(၁၂/မဂဒ(နိုင်)၀၀၁၅၄၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| LL.B, D.B.L, D.I.L, | LL.B. |

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃

## အများသိစေရန် တားမြစ်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ပြည်မြို့၊ ပြည်သာယာရပ်ကွက် (၅)လမ်းနေ ဦးနုအောင်ငွေ ၇/ပမန(နိုင်)၀၃၂၉၃၀နှင့် ဇနီး ဒေါ်မြင့်ငွေ ၇/ပမန(နိုင်)၀၃၄၀၉၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် တားမြစ်ကြေညာအပ်ပါသည်-

ပြည်မြို့၊ ပြည်သာယာရပ်ကွက် (၅)လမ်းရှိ ကျွန်ုပ်၏အမှုသည်များ လက်ရှိထားနေထိုင်သော အလျားပေ၂၀xအနံပေ ၆၀ ကျယ်ဝန်းသော မြေကွက်နှင့် မြေပေါ်ရှိ တစ်ထပ်အုတ်ပတ်ကားတိုက်အဆောက်အအုံတစ်လုံး၊ သမီးဖြစ်သူ ဒေါ်သန္တာအောင်ငွေ မိသားစုအား အခမဲ့နေထိုင်ခွင့်ပြုထားသော မြေကွက်အမှတ် (၅/၆၀)၊ အလျားပေ ၄၀xအနံပေ ၆၀ ကျယ်ဝန်းသော မြေကွက်နှင့် မြေပေါ်ရှိ နှစ်ထပ်ခွဲ RC တိုက်အဆောက်အအုံ တစ်လုံး၊ ပြည်သာယာရပ်ကွက်၊ အပိုင်း (၂)၊ ဦးပိုင်အမှတ် (၇၂/၂)၊ မြေကွက်ကြီးအတွင်းမှ အလျားပေ ၄၀xအနံပေ ၆၀ ကျယ်ဝန်းသောမြေကွက် တစ်ကွက်တို့သည် ကျွန်ုပ်၏အမှုသည်လင်မယားနှစ်ဦးပိုင်ဆိုင်သော လက်ထပ်ပွားပစ္စည်းများဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့် နေအိမ်အဆောက်အအုံများကို ကျွန်ုပ်၏အမှုသည်များ သဘောတူခွင့်ပြုချက်မရှိဘဲ အခြားသူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ သမီးများနှင့် ၎င်းတို့နှင့်ဆက်နွယ်ပတ်သက်သူ တစ်ဦးဦးမှဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာလွှဲပြောင်းခြင်းနှင့် ကျူးကျော်ဝင်ရောက်ခြင်းမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ ထိုသို့ ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနုအောင်ငွေနှင့် ဇနီး ဒေါ်မြင့်ငွေတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မြတ်သူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**လိုင်စင်အမှတ်-၅၃၀၅/(၂၉-၆-၁၉၉၁)**
**အမှတ် (၇၉)၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့**

### အမည်မှန်

ပင်လောင်းမြို့၊ တောင်လေးရွာနေ ဦးခွန်သာထွေး၏ သမီး အမည်မှန်မှာ မူခမ်းဖူးဖြစ်ပါသည်။

**မူခမ်းဖူး**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၄-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃၀)ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဒေါ်ဝင်းသန်းအား ဦးဝင်းသန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

### သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၂၂)လမ်း၊ အိမ်အမှတ်(၁၉၂၀)နေ ဦးအောင်သူ (၇/ပခန(နိုင်)၀၈၉၄၂၃)၏ သားဖြစ်သူ မောင်ဖွဲ့ဝေယံအောင် သည် မိဘဖြစ်သူ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘစိတ်ဆင်းရဲအောင်မကြာခဏ ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောင် ၎င်း နှင့် ပတ်သက် သည့် ကိစ္စများအားဖြေရှင်းပေးမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။

ဖခင် - ဦးအောင်သူ

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ အကွက်အမှတ် (၈၂-က)၊ တရုပ်စုအကွက်၊ ဦးပိုင်အမှတ် (၉)၊ မြေဧရိယာ ၀ဒသမ၀၄၈ ဧကရှိ မြို့မြေ (B)သည် ပုသိမ်မြို့၊ အမှတ် (၆) ရပ်ကွက်နေ ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်သွင်သွင်ဦး၊ ဒေါ်ခင်စန္ဒာတို့မှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၈

| | | |
|---|---|---|
| ဦးအယ်ဒီမိုး(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်စွာထက်) | **နှင့်** | ၁။ ဒေါ်ရှုကျင် WONG SHU KYIN<br>၂။ ဒေါ်စန္ဒာ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆/ရပ်ကွက်၊ ဥသဿဖယာလမ်း၊ အမှတ်(၇၃၃)နေ (၁)တရားပြိုင် ဒေါ်ရှုကျင် (ခ) WONG SHU KYIN (ယခုနေရပ် လိပ်စာမသိ) နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၃၆/ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၂၅)နေ (၂)တရားပြိုင် ဒေါ်စန္ဒာ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ဝယ်ယူထားသောအိမ်ခြံမြေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူသည် တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ထဲတွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/2287, Toyota Windom MCV 30, S/L(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိဟေမာန်အောင် (ခ)အေးကျော့ခိုင် ၉/ပမန(နိုင်)၁၈၂၁၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/1870, Suzuki Swift DZC63S, Hatch Back (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီစံ ၉/မနမ(နိုင်) ၀၈၀၀၀၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9854, Nissan Vanetie Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောထူးကပေါ ၁၄/မမန(နိုင်) ၁၈၁၉၀၄က က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/1643, Nissan Latio N 17, S/L(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဖြူဇော် ၁၂/အလန(နိုင်) ၀၄၀၉၆၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**လာမယ့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေး ရရှိခဲ့တာ (၇၅)နှစ်ပြည့်မြောက်မှာဖြစ်တယ်။ အခုလို စိန်ရတု လွတ်လပ်ရေးနေ့အကြိုကာလမှာ တိုင်းပြည်ရဲ့ လွတ်လပ်ရေး အခွန့်ရှည်ကြာတည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ဆက်လက် ကြိုးပမ်းသွားမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတယ်။**

**ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၇-၃-၂၀၂၂

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊
ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပြန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ) အား ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ် နှစ်စီးအား မိုင်းထောင်ဖောက်ခွဲ၍ သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ သုံးဦးသေဆုံးကာ ၂၈ ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၉

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ် နှစ်စီးအား မိုင်းထောင်ဖောက်ခွဲ၍ သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ သုံးဦးသေဆုံးကာ ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ယာဉ်မောင်း ဦးတေဇာအောင် (၃၈ နှစ်) မောင်းနှင်လာသော ရန်ကုန်-မြိတ်-ထားဝယ် ပြေးဆွဲသည့်

*စာမျက်နှာ ၁၂ ကော်လံ ၁ ✻*




**ယနေ့ ဖတ် စ ရာ**

**မိုးညှင်းမြို့နယ်၌ အကြမ်းဖက်အဖွဲ့က ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ဒရုန်းယာဉ်ဖြင့် ဗုံးအားချိတ်ဆွဲ၍ ပစ်ချဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပြီး သံဃာတော်တစ်ပါး၊ ကလေးငယ် တစ်ဦးနှင့် အမျိုးသားသုံးဦး ဒဏ်ရာရရှိ** ပြည်တွင်းသတင်း စာ - ၁၃

**ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးကျွန်း၌ ပျောက်ဆုံးနေသည့် လှေကို ပြန်လည်တွေ့ရှိ** နိုင်ငံတကာသတင်း စာ - ၁၄

## ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ခြေစမ်းကစား

ရန်ကုန် ဧပြီ ၂၉

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဧပြီ ၂၉ ရက်က ထိုင်းအမျိုးသမီးဖူဆယ်ကလပ် Nonthaburi အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် Nonthaburi အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် ဧပြီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသည့် ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက်ပိုင်း ထိုင်းနိုင်ငံ၌ ဆက်လက်နေထိုင်လေ့ကျင့်နေခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် မေလပထမပတ်အထိ ထိုင်းနိုင်ငံ၌ ဆက်လက်လေ့ကျင့်သွားမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် နိုင်ငံတကာပြိုင်ပွဲများနှင့် ကာလအတန်ကြာ ဝေးကွာနေသဖြင့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်း ဖြစ်သည်။

ရဲရင့်လွင်